# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ အင်္ဂါနေ့ အတွဲ(၆၅)၊ အမှတ်(၃၃၈)


**နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

MSMEs လုပ်ငန်းများက ဒေသအလိုက် တိုးတက်ဖွံ့ဖြိုးနိုင်သည့် လုပ်ငန်းများဖြစ်သောကြောင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းအလုပ်အကိုင်များကို တိုက်ရိုက်ဖန်တီးပေးနိုင်ပြီး ရွှေ့ပြောင်းလုပ်သားပြဿနာများကိုလည်း ထိရောက်စွာ လျှော့ချပေးနိုင်သည်။


**ယနေ့ ဖတ်စရာ**

**အောင်မြင်တက်လှမ်း အခွင့်အလမ်းကောင်းများနှင့် လွှမ်းခြုံအောင်မြင် မြန်မာ-ဗီယက်နမ်ခရီးစဉ်** ဆောင်းပါး ◆ စာ ◆ ၆

**မြို့ပြရေပေးဝေရေး၊ ရေသန့်စင်ခြင်းနည်းပညာများနှင့် ကလိုရင်း၏ အရေးပါမှု** ဆောင်းပါး ◆ စာ ◆ ၁၀

**အမေရိကန်၌ ကုန်တင်လေယာဉ်တစ်စင်း ပြေးလမ်းကျော်လွန်၍ မော်တော်ယာဉ်အများအပြားကို ဝင်တိုက်** နိုင်ငံတကာသတင်း ◆ စာ ◆ ၁၄




## တောင်ငူတက္ကသိုလ်၌ လူငယ်တွေ့ဆုံပွဲကျင်းပ

တောင်ငူ စက်တင်ဘာ ၇

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ၊ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ ပြည်တွင်းလူငယ်များ မိတ်သဟာယအသင်းနှင့် တောင်ငူတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ငူတက္ကသိုလ်၌ ကျင်းပသည်။


စာမျက်နှာ ၃ ကော်လံ ၄ ◆


## တွန်းဇံမြို့အတွက် ပေးပို့သည့် ဆက်သွယ်ရေးဆိုင်ရာ စက်ပစ္စည်းများ တီးတိန်မြို့သို့ ရောက်ရှိ

တီးတိန် စက်တင်ဘာ ၇

တွန်းဇံမြို့အတွက်ပေးပို့သည့် ဆက်သွယ်ရေးဆိုင်ရာ စက်ပစ္စည်းများ တီးတိန်မြို့သို့ ရောက်ရှိလျက်ရှိပြီး တွန်းဇံမြို့သို့ ဆက်လက်ပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယမန်နေ့နံနက်ပိုင်းက ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီတွင် အဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ အကြမ်းဖက်ဖြစ်စဉ်ကြောင့် တီးတိန်မြို့အတွင်း ထိခိုက်ပျက်စီးမှုများကို


စာမျက်နှာ ၃ ကော်လံ ၄ ❍




## သုဝဏ္ဏသျှံတောင် ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ် ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၆၁၀၀၈ ဧကရှိသောနယ်မြေကို **“သုဝဏ္ဏသျှံတောင် ကြိုးပြင်ကာကွယ်တော”** အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄) ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)မှစ၍ သတ်မှတ်လိုက်သည်။


စာမျက်နှာ ၅ ကော်လံ ၁ ❏


**ယနေ့ မိုးလေဝသ (၈-၉-၂၀၂၆)**

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**


နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၇

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်


စာမျက်နှာ ၄ ကော်လံ ၁ ❖





## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**“လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင် လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီး ရှိပါတယ်။”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့်အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)



## ရေဘေးသင့်ပြည်သူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ဆောင်ရွက်ပေး

**နေပြည်တော် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ ရေဘေးကယ်ဆယ်ရေးစခန်းရှိဒေသခံပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လေးမျက်နှာမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက လမင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် UID နံပါတ်ထုတ်ပေးခြင်းတို့ကို ယနေ့ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး ရေကြီးနစ်မြုပ်မှုကြောင့် ပျောက်ဆုံးပျက်စီးသွားသည့် ရေဘေးသင့်ပြည်သူများ၏ အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID နံပါတ်တို့ကို ကာယကံရှင်တစ်ဦးချင်းထံ ပေးအပ်ကာ ရေကြီးနစ်မြုပ်ခဲ့သည့် လေးမျက်နှာမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့အတူ ဓမ္မာရုံအတွင်း ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ကယ်ဆယ်ရေး စခန်းသုံးခုမှ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၅၀၊ လေးမျက်နှာမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဟင်္သာတမြို့နယ် ဦးစီးမှူးရုံး၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး ဒေသခံပြည်သူများ၏ တင်ပြချက်အပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့နယ်ရုံး၌ ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID တို့ကို ကာယကံရှင်တစ်ဦးချင်းထံ ပေးအပ်ကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါခရီးစဉ်အတွင်း ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ ကျုံပျော်မြို့နယ် ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည့် မြို့နယ်အားကစားခန်းမ၌ ရေဘေးသင့်ပြည်သူများအား ကျုံပျော်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရေကြီးရေလျှံမှုကြောင့် ပျောက်ဆုံးပျက်စီးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပြန်လည်စိစစ်ထုတ်ပေးခြင်းနှင့် UID နံပါတ် ကောက်ယူဆောင်ရွက်ပေးခြင်းတို့ကို ကြည့်ရှုအားပေးပြီး အဆိုပါစခန်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၀၀၊ အခြားစခန်းအတွက် ဆန်အိတ် ၅၀ နှင့် လမင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များကိုလည်းကောင်း၊ ကျုံပျော်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့အတူ ရေကြည်မြို့နယ် ရေဘေးသင့်ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည့် မြို့နယ်အားကစားခန်းမ၌ ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ လမင်းစီမံချက်ဖြင့် ပြန်လည်စိစစ်ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၅၀၊ ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID တို့ကို လည်းကောင်း၊ ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ သောင်းထိုက် | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာ မင်းမင်းရီ | ပါမောက္ခချုပ်<br>မန္တလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

◆ *တောင်ငူတက္ကသိုလ်မှ*

အခမ်းအနားတွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ပြသပြီး တက်ရောက်လာသည့် ကဏ္ဍာပေါင်းစုံမှ လူငယ်မောင်မယ်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် ပြည်တွင်းလူငယ်များ မိတ်သဟာယအသင်းမှ ဒေါက်တာဂူဂယောင်းဟွာက “အံ့သြဖွယ်ကောင်းသော ဧရာဝတီ” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး တောင်ငူတက္ကသိုလ်သို့ ဒုတိယဝန်ကြီး ဦးစစ်နိုင် က အားကစားပစ္စည်းများ လှူဒါန်းပေးအပ်ရာ တောင်ငူတက္ကသိုလ်မှ ခေတ္တပါမောက္ခချုပ် ဒေါ်စန်းစန်းမွေးက လက်ခံရယူသည်။

အခမ်းအနားတွင် ဖျော်ဖြေခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ယဉ်ကျေးမှု အကပွဲတော်တွင် မြန်မာ့ယဉ်ကျေးမှု အလှတရားများကို ကမ္ဘာ့စင်မြင့်ထက်တွင် အောင်ပွဲဆင်ခဲ့သော ပြည်တွင်းလူငယ်များ မိတ်သဟာယအသင်း၏ Azalea Stars အကအဖွဲ့ကို ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး တောင်ငူတက္ကသိုလ်မှ ကျောင်းသူလေးများအား ပဲခူးတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဒေါက်တာထူးခြားအောင် က ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် Cleaning Campaign အခမ်းအနားတွင် မောင်တို့မယ်တို့ ပါဝင်ဆောင်ရွက်သကဲ့သို့ မောင်တို့မယ်တို့တွင် မကောင်းသည့် စိတ်ရှိလျှင်လည်း အမြဲတမ်း Cleaning လုပ်ရန် လိုအပ်ပါကြောင်း၊ လူငယ်မောင်မယ်များအနေဖြင့် ယနေ့အခမ်းအနားမှရရှိခဲ့သည့် အသိပညာ၊ ဗဟုသုတများကို လူငယ်များအချင်းချင်း ပြန်လည်မျှဝေစေလိုပါကြောင်း လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း က လူငယ်များအား တိုက်တွန်းပြောကြားခဲ့သည်။

လူငယ်တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် လူငယ်ရေးရာကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ၊ တောင်ငူမြို့ရှိ တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်တွင်းလူငယ်များ မိတ်သဟာယအသင်းမှဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် လူငယ်မောင်မယ်များ တက်ရောက်ခဲ့ပြီး တောင်ငူတက္ကသိုလ်ဝင်းအတွင်း Cleaning Campaign ကို စုပေါင်း၍ ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က လိုက်လံအားပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



○ *တွန်းဖုံမြို့မှ*

မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ရှောင်စောန်းစံပြကျေးရွာသို့ ရောက်ရှိကာ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြား၍ ချင်းရိုးရာနေအိမ်၊ ချင်းရိုးရာအဝတ်အထည်နှင့် အသုံးအဆောင်များကို ကြည့်ရှုလေ့လာကာ အလှူငွေပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

**သစ်တောတွေထိန်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏။**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှု အမှတ်(၁/၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်)ချမှတ်

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ရုံးအမှတ်(၂၂) စုံညီခုံရုံး၌ ရုံးထိုင်၍ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှု အမှတ် (၁/၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်) ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၄ / ၂၀၂၆ )**
**၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်**
**( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၇ ရက် )**
**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ**
**ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်ကို ကြေညာခြင်း**

၁။ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)၊ မြိတ်မြို့နယ် မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံထားရသော ကိုယ်စားလှယ်အမှတ် (၁) ဦးခိုင်ဦး၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးဝင်းကြူက ရွေးကောက်ပွဲ ကန့်ကွက်လွှာ တင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှုဖြင့်လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၇ - ၉ - ၂၀၂၆ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ် (၁/၂၀၂၆) ဆုံးဖြတ်ချက်တွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ( မဲအများဆုံးရသူ အနိုင်ယူစနစ် )၊ မြိတ်မြို့နယ်မဲဆန္ဒနယ် အတွက် ဦးခိုင်ဦးအား လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးဝင်းကြူ ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၅(က) အရ ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူ့ပါတီမှ ဦးခိုင်ဦး [ ၆/မအရ(နိုင်) ၀၉၈၀၇၄ ] သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူ အနိုင်ယူစနစ်)၊ မြိတ်မြို့နယ်မဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးဝင်းကြူ [ ၆/တသရ (နိုင်) ၀၁၂၂၆၇ ] ဖြစ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅ (ခ) အရ သတ်မှတ်ကြေညာလိုက်သည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---

## တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ ) တွင် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်း ပြောင်းလဲသတ်မှတ်ကြေညာခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၅ / ၂၀၂၆ )**
**၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်**
**( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၇ ရက် )**
**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )**
**မဲဆန္ဒနယ်အမှတ် ( ၁ ) တွင်**
**ရွေးကောက်တင်မြှောက်ခံရသူ**
**အမည်စာရင်း ပြောင်းလဲသတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၇ - ၉ - ၂၀၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အမှတ် ( ၅၄ /၂၀၂၆ ) အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၁-က နှင့်အညီ မြိတ်မြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးခိုင်ဦး ရရှိသည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်ရာတွင် လောင်းလုံးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဖြစ်သူ ပြည်သူ့ပါတီမှ ဦးတင်စိုး [ ၆/ဘပန(နိုင်) ၀၁၃၁၀၄ ] သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၈ (ဃ) အရ နိုင်ငံရေးပါတီများက ဦးစားပေး အစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စာရင်းအရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) တွင် လောင်းလုံးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဒေါ်မြမြစိမ်း [ ၆/ထဝန(နိုင်)၀၇၀၉၁၀ ] ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် ( ၁ ) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်ရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၂၆၃၅၆ / ၁၀ = ၂၂၆၃၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | |
| | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၂၆၃၅၆ | ၈ | | ၂ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၄၃၂၄ | ၅ | ၂၁၁၄၉ | ၁ | ၆ | |
| | | ၂။ | ပြည်သူ့ပါတီ | ၄၉၂၆၈ | ၂ | ၃၉၉၈ | - | ၂ | |
| | | ၃။ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၂၇၆၄ | ၁ | ၂၀၁၂၉ | ၁ | ၂ | |

**ရှင်းလင်းချက်။** ၃၁ - ၁ - ၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်(၁)အတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်ရရှိမှုအခြေအနေတွက်ချက်မှုစာရင်းအား ပယ်ဖျက်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၁ - က နှင့်အညီ ပြန်လည်တွက်ချက်ထားခြင်းဖြစ်ပါသည်။

---

❖ *ရှေ့ဖုံးမှ*

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

မိုး/ဇလ




စက်တင်ဘာ ၆ ရက်နေ့က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်၌ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# အောင်မြင်တက်လှမ်း အခွင့်အလမ်းကောင်းများနှင့် လွှမ်းခြုံအောင်မြင် မြန်မာ-ဗီယက်နမ်ခရီးစဉ်

*ကေဇက်ဟိန်း (PPIB)*

**“နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်မှုနှင့် အပြန်အလှန်ပံ့ပိုးမှုများကို မြှင့်တင်သွားရန်၊ အတွေ့အကြုံများကို အပြန်အလှန်မျှဝေ၍ လုံခြုံစိတ်ချရပြီး ရေရှည်တည်တံ့သည့် စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်သွားရန်၊ လက်ရှိပူးပေါင်းဆောင်ရွက်နေသည့်အခန်းကဏ္ဍများကို ထိရောက်စွာအသုံးချပြီး စီးပွားရေးလုပ်ငန်းများ၌ ကြုံတွေ့နေရသည့်အခက်အခဲများကို အတူတကွပူးပေါင်းဖြေရှင်းသွားရန်၊ ဗီယက်နမ်နှင့် မြန်မာ စီးပွားရေးအခွင့်အလမ်းရှာဖွေရုံသာမက ယုံကြည်စိတ်ချရသော ရေရှည်မိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်သွားရန် ဆိုတဲ့ အချက် ၅ ချက်ကို ကျွန်တော်တို့ ရရှိခဲ့ပါတယ်”**

ခရီးစဉ်ရဲ့ နောက်ဆုံးနေ့ကို ရောက်ရှိခဲ့ပါပြီ။ ရေးဆွဲထားတဲ့ အစီအစဉ်များပြီးရင်တော့ အမိမြန်မာနိုင်ငံကို ပြန်ရတော့မှာပါ။ ဒီနေ့မှာလည်း နိုင်ငံတော်အကြီးအကဲအနေနဲ့ နိုင်ငံအတွက် ဘယ်လိုအခွင့်အလမ်းကောင်းတွေ ဖော်ဆောင်ပေးနိုင်ဦးမှာလဲ စိတ်ဝင်စားစရာကောင်းပါတယ်။ ခရီးစဉ်ရဲ့နေ့ရက်တွေကို ပြန်ကြည့်ရင် နိုင်ငံတော်အကြီးအကဲဟာ ရှိရင်းစွဲ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွေ အရှိန်အဟုန်မြှင့်တင်နိုင်ခဲ့သလို ကဏ္ဍသစ်များအတွက်လည်း ကြိုးပမ်းဖော်ဆောင်နိုင်ခဲ့တာကိုတွေ့မြင်ခဲ့ရပါတယ်။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ခရီးစဉ်တတိယမြောက်ရက်ကို လေ့လာကြည့်ရအောင်ဗျာ။

**ဟန္နိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများနှင့်တွေ့ဆုံ**

အချိန်ကား ၂၀၂၆ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ ဒေသစံတော်ချိန် နံနက်ပိုင်းပင်။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ ဟန္နိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင်သင်တန်းသားများကို တွေ့ဆုံခဲ့ပါသေးတယ်။ တွေ့ဆုံရာမှာတော့ မြန်မာ – ဗီယက်နမ်နှစ်နိုင်ငံ၏ ခေတ်အဆက်ဆက် ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်ခဲ့မှု၊ ဗီယက်နမ်သည် မြန်မာအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံအဖြစ်တည်ရှိနေမှု၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ တူညီနေမှု၊ အာဆီယံဒေသတွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကောင်းများရှိနေမှုများကို ချပြရှင်းလင်းခဲ့တာကို တွေ့မြင်ရပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာလည်း အောင်မြင်သောအထွေထွေရွေးကောက်ပွဲကတစ်ဆင့် ပေါ်ထွက်လာသည့် လွှတ်တော်၊ အစိုးရတို့မှ နိုင်ငံ့အကျိုးကို ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်နေမှုများအပေါ် အတုယူကြပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုတက်ရေးအတွက် အမှန်တကယ်အလုပ်လုပ်ကြဖို့၊ နိုင်ငံရပ်ခြားမှာ ရောက်ရှိနေတာဖြစ်လို့ အချင်းချင်းစည်းလုံးချစ်ခင်စွာ နေထိုင်ပြီး တစ်ဦးနဲ့တစ်ဦးစောင့်ရှောက်ရင်းလုပ်ငန်းတာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ကြဖို့ကိုလည်း တိုက်တွန်းမှာကြားခဲ့ပါသေးတယ်။ တွေ့ဆုံပွဲအပြီးမှာတော့ နိုင်ငံတော်အကြီးအကဲဟာ မြန်မာ-ဗီယက်နမ်စီးပွားရေးဖိုရမ်ကို ဆက်လက်တက်ရောက်ဖို့ အထူးယာဉ်တန်းနဲ့ ခရီးဆက်ခဲ့ပါတော့တယ်။

**ဗီယက်နမ် – မြန်မာ စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီ**

ဗီယက်နမ်-မြန်မာစီးပွားရေးဖိုရမ်ပွဲကိုတော့ ဟန္နိုင်းမြို့ Melia Hotel မှာ ကျင်းပခဲ့ပါတယ်။ ဒီအခမ်းအနားကိုတော့ နိုင်ငံတော်အကြီးအကဲနဲ့အတူ ခရီးစဉ်မှာလိုက်ပါလာတဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်တွေ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ် H.E.Mr. Nguyen Van Thang၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Duc Chi နဲ့ အစိုးရအဖွဲ့တာဝန်ရှိသူတွေ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယကနှင့် အဖွဲ့ဝင်တွေ၊ မြန်မာ – ဗီယက်နမ်နှစ်နိုင်ငံ ချစ်ကြည်ရေးအသင်းများကဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေ၊ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေ တက်ရောက်ခဲ့ကြတာကို တွေ့မြင်ရပါတယ်။

*စာမျက်နှာ ၇ သို့*



စက်တင်ဘာ ၆ ရက်နေ့က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟန္နိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

*စာမျက်နှာ ၆ မှ*

ဒီဖိုရမ်ကတစ်ဆင့် ကျွန်တော်တို့ဘက်က ဘာတွေ ကမ်းလှမ်းနိုင်ခဲ့သလဲ၊ ဘယ်လိုအခွင့်အလမ်းတွေ ပိုင်ဆိုင်ခဲ့လဲဆိုတာကိုတော့ အကျဉ်းချုံးပြီး မျှဝေပေးလိုပါသေးတယ်။ ဗီယက်နမ်အစိုးရဘက်က အချက်(၅)ချက်ကို ဆွေးနွေးပါတယ်။ ဒါတွေကတော့ **နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်မှုနှင့် အပြန်အလှန်ပံ့ပိုးမှုများကို မြှင့်တင်သွားရန်၊ အတွေ့အကြုံများကို အပြန်အလှန်မျှဝေ၍ လုံခြုံစိတ်ချရပြီး ရေရှည်တည်တံ့သည့် စီးပွားရေး တိုးတက်မှုကို ဖော်ဆောင်သွားရန်၊ လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် အခန်းကဏ္ဍများကို ထိရောက်စွာအသုံးချပြီး စီးပွားရေးလုပ်ငန်းများ၌ ကြုံတွေ့နေရသည့်အခက်အခဲများကို အတူတကွပူးပေါင်းဖြေရှင်းသွားရန်၊ ဗီယက်နမ်နှင့် မြန်မာစီးပွားရေးအခွင့်အလမ်းရှာဖွေရုံသာမက ယုံကြည်စိတ်ချရသော ရေရှည်မိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်သွားရန်**ဆိုတဲ့ အချက် ၅ ချက်ကို ကျွန်တော်တို့ ရရှိခဲ့ပါတယ်။

မြန်မာ – ဗီယက်နမ်ကြားမှာ နိုင်ငံရေးနှင့် သံတမန်ရေးကဏ္ဍတင်သာမက လုံခြုံရေး၊ ကာကွယ်ရေး၊စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အပါအဝင် ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိပူးပေါင်းဆောင်ရွက်မှုများကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်မှုကနေ ကမ္ဘာ့နိုင်ငံရေးနဲ့ စီးပွားရေးအပြောင်းအလဲ စိန်ခေါ်မှုမြင့်မားတဲ့ ကာလတွေကြားမှာ ဒေသတွင်း အားကောင်းခိုင်မာ ဆက်လက်ပူးပေါင်းလျက်ရှိမှုကို နိုင်ငံတော်အကြီးအကဲက ကနဦးချပြခဲ့ပါတယ်။ စီးပွားရေးရဲ့ ပင်မသော့ချက်ဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ယှဉ်တွဲတည်ဆောက်သွားနိုင်မှုကိုလည်း ချပြရှင်းလင်းခဲ့တာကို တွေ့ရပါတယ်။

နိုင်ငံတော်အကြီးအကဲက နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားဖို့ ယုံကြည်ချက်ရှိနေတာကိုလည်း ဖိုရမ်မှာချပြခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ သယံဇာတပိုင်ဆိုင်ထားမှုများကို ချပြခဲ့ပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုစက်ရုံများ တည်ထောင်မှုကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်တဲ့ အခြေခံအဆောက်အဦများကဏ္ဍ၊ အထူးစီးပွားရေးဇုန်များ တည်ဆောက်လိုမှုကဏ္ဍစတာတွေကို လည်း ချပြရှင်းလင်းကာ ဖိတ်ခေါ်နိုင်ခဲ့ပါတယ်။



စက်တင်ဘာ ၆ ရက်နေ့က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အား ဟန်္နိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဗီယက်နမ်အမျိုးသမီးငယ်နှစ်ဦးက ပန်းစည်းပေး၍ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်စဉ်။

ဒီလို ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ရာမှာ နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံရဲ့ ကျောက်ဖြူ သီလဝါ၊ ထားဝယ်စတဲ့ ပိုင်ဆိုင်ထားတဲ့ ရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန်များ ပိုင်ဆိုင်ထားမှု၊ မဟာမဲခေါင်စီးပွားရေးစင်္ကြံ၊ မြန်မာ–လာအို– ထိုင်း ဗီယက်နမ် (ဒါနန်း)စီးပွားရေးစင်္ကြံများအပေါ်မှာ မြန်မာနိုင်ငံရဲ့အချက်အချာကျစွာ တည်ရှိနေမှုကို မဟာဗျူဟာမြောက် ကုန်သွယ်ရေးလမ်းကြောင်း ဖြစ်တာကို ပိုင်နိုင်စွာချပြနိုင်ခဲ့တာကိုလည်းတွေ့ရပါတယ်။ ဒါကတော့ ဒီဖိုရမ်ရဲ့ နှစ်ဖက်အကျိုးရလဒ်များနဲ့ အနာဂတ်အခွင့်အလမ်းများပဲ ဖြစ်ပါတယ်။

**မြန်မာ–ဗီယက်နမ်ခရီးစဉ်၏အကျိုးရလဒ်များ**

ဒီခရီးစဉ်ဟာ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၄ ရက်ကနေ ၆ ရက်နေ့ထိ သုံးရက်ခန့် ကြာမြင့်ခဲ့တာပဲ ဖြစ်ပါတယ်။ ပထမတစ်ရက်မှာ ဗီယက်နမ်နိုင်ငံ ဟိုင်းဖောင်မြို့က လျှပ်စစ်မော်တော်ကား၊ မော်တော်ဆိုင်ကယ်ထုတ်တဲ့ Vinfast ကုမ္ပဏီနဲ့ Viettel ဆက်သွယ်ရေးကုမ္ပဏီတွေကို သွားရောက်လေ့လာခဲ့တယ်။ ဒုတိယရက်မှာတော့ ဗီယက်နမ်နိုင်ငံသမ္မတ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နဲ့တွေ့ဆုံပြီး နှစ်နိုင်ငံရဲ့ချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန်မြှင့်တင်ရေးကနေ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်မှုများအတွက် ရင်းနှီးနွေးထွေးစွာ ဆွေးနွေးနိုင်ခဲ့တယ်။ တတိယရက်မှာတော့ နှစ်နိုင်ငံစီးပွားရေးဖိုရမ်ပွဲကိုတက်ရောက်ပြီး လက်ရှိ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနဲ့ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာတွေကို ချပြဆွေးနွေးကမ်းလှမ်းခဲ့တာကို တွေ့ရတယ်။ ဒီတော့ ဒီခရီးစဉ်မှာ ပိုင်ဆိုင်ခဲ့တဲ့ အခွင့်အလမ်းကောင်းတွေနဲ့ အောင်မြင်မှုတွေကို ကျွန်တော်တို့ အတူတူလေ့လာကြည့်ရအောင်ပါ။

နှစ်နိုင်ငံအကြားမှာ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အရှိန်အဟုန်မြှင့်တင်နိုင်ခဲ့တယ် ဆိုတာကို ကျွန်တော်တို့ ကနဦး မြင်ကြရပါမယ်။ မြန်မာနိုင်ငံကို လာရောက်ကြမယ့် ရင်းနှီးမြှုပ်နှံသူတွေကို ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရင်းနှီးပွင့်လင်းစွာ ချပြနိုင်ခဲ့တယ်။ ဖိုရမ်ပွဲမှာတင်ပဲ ယခင်နိုင်ငံထဲက ထွက်ခွာသွားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ပြန်လည်စိတ်ဝင်စားလာမှုကို ရရှိခဲ့တယ်။ ဒါဟာလည်း အရွေ့တစ်ခုပါပဲ။ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်ကိုယ်တိုင်က ဓာတ်သတ္တုတူးဖော်ရေး၊ စွမ်းအင်ကဏ္ဍစတဲ့ အခြားကဏ္ဍတွေမှာပါ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာကို အတိအလင်းချပြခဲ့တယ်။

ခရီးစဉ်ရဲ့ အဓိကအောင်မြင်မှု သော့ချက်ကတော့ **ရှိရင်းစွဲချစ်ခင်ရင်းနှီးမှု၊ ယုံကြည်မှုကို ပိုမိုခိုင်မာအောင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အာဆီယံဒေသတွင်းကတစ်ဆင့် ကမ္ဘာ့မျက်နှာစာထိ အပြန်အလှန်ထောက်ပံ့ကူညီအားပေးမှုများ ဆောင်ရွက်မှု သဘောတူညီနိုင်ခဲ့ခြင်း၊ စီးပွားရေးအခွင့်အလမ်းကောင်းများ ဖော်ဆောင်နိုင်ခဲ့ခြင်းနှင့် သံတမန်ဆက်ဆံရေး ကောင်းတစ်ခုခိုင်မာစေခဲ့ခြင်း**ဆိုတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

**ဗီယက်နမ်နိုင်ငံမှသည် အမိမြန်မာပြည်သို့**

နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ ဟန်္နိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်ရှိခဲ့ပါပြီ။ လေဆိပ်မှာတော့ နှစ်နိုင်ငံအလံများကို လွှင့်ထူထားပြီး ဂုဏ်ပြုတပ်ဖွဲ့နဲ့အတူ အမိမြေပြန်မယ့်ခရီးကို နှုတ်ဆက်ဂုဏ်ပြုလျက်ရှိပါတယ်။

နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင် ဦးဆောင်တဲ့ အဆင့်မြင့်အရာရှိကြီးတွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) စစ်သံမှူးနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။ ကြည်လင်တဲ့ ထက်အာကာရဲ့ လွှမ်းခြုံထားမှုအောက်မှာ နွေးထွေးတဲ့နေရောင်ခြည်များနဲ့အတူ အပြုံးကိုယ်စီတောက်ပနေတဲ့ မြင်ကွင်းများဟာ ခရီးစဉ်ရဲ့ အောင်မြင်မှုပြယုဂ်၊ နှစ်နိုင်ငံ ချစ်ကြည်ရေးခိုင်မာအားကောင်းမှုများကို ထင်ဟပ်ပြသနေသလို ခံစားမိပါတယ်။ ဒီလိုနဲ့ အထူးလေယာဉ်ဟာ ဟန်္နိုင်းမြို့ကို ကျောခိုင်းရင်း အမိမြန်မာပြည်သို့ ဦးတည်ပျံသန်းခဲ့ပါတော့တယ်။

မြန်မာစံတော်ချိန် ညနေပိုင်းမှာတော့ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ နေပြည်တော်လေဆိပ်ကို ပြန်လည်ရောက်ရှိခဲ့ကြပါတယ်။ နေပြည်တော်လေဆိပ်မှာတော့ ရုရှားဖက်ဒရေးရှင်းနိုင်ငံက မကြာခင် ပြန်ရောက်ရှိလာတဲ့ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်အဆင့်မြင့် အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။

ဒီခရီးစဉ်ကို ကြည့်မယ်ဆိုရင် နှစ်နိုင်ငံအကြီးအကဲချင်းသာမက အကြီးအကဲနှစ်ဦးရဲ့ဇနီးချင်းပါ ရင်းနှီးချစ်ကြည်မှုရရှိခဲ့တာမို့ ခရီးစဉ်ဟာ ဖြူစင်ရိုးရှင်းမှု၊ ရင်းနှီးနွေးထွေးမှုများနဲ့ ထုံမွမ်းထားသလိုပါပဲ။ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကတစ်ဆင့် နှစ်နိုင်ငံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်နိုင်ခဲ့တယ်လို့လဲ ဆိုရမှာပါဗျာ။ နှစ်နိုင်ငံ အကျိုးရလဒ်များအပြင် မိမိနိုင်ငံအတွက်လည်း အောင်မြင်တက်လှမ်း အခွင့်အလမ်းကောင်းများနှင့် လွှမ်းခြုံအောင်မြင်တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါကြောင်း စာစီမှုန်းလို့ မျှဝေပေးလိုက်ရပါတော့တယ်ဗျာ။ ။




စက်တင်ဘာ ၆ ရက်နေ့က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အား နေပြည်တော်လေဆိပ်၌ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

✳ *ကျော်ဖုံးမှ*

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းအမျိုးသား လေးယောက်တွဲအဖွဲ့ လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီး ဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

**"အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်**

၂၀၂၆ ခုနှစ် စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီမှစတင်၍ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပထမအဆင့်ရှုံးထွက်ပွဲစဉ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ သာသနာရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပထမအဆင့် ရှုံးထွက်ပွဲစဉ်များအပြီးတွင် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



တရားခံ ဩဘာတ(ခ) စိုင်းဩဘာတအား ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။



တရားခံ စိုင်းစံထွန်းအား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများနှင့်အတူ တွေ့ရစဉ်။

▲ *ကျော်ဖုံးမှ*

ဖြစ်စဉ်မှာ စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီးမြို့နယ် ရွှေညောင်-ရပ်စောက်သွားကားလမ်း၊ ပန်းစုံကျေးရွာအနီးတွင် ရပ်စောက်မြို့နယ် နားခဲလေးရွာနေ ဩဘာတ(ခ) စိုင်းဩဘာတ(၄၁)နှစ် မောင်းနှင်လာသော HONDA FIT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းသယ်ဆောင်လာသည့် စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၀) ဖမ်းဆီးရမိသဖြင့် ဩဘာတ(ခ)စိုင်းဩဘာတအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။



တရားခံ ယောလှအား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများနှင့်အတူ တွေ့ရစဉ်။

အလားတူ စက်တင်ဘာ ၄ ရက် ည ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုင်းပျဉ်းမြို့နယ် ဆင်မောင်းကျေးရွာအုပ်စု ပန်မော်(၂၀)မိုင်ရွာအနီး ကျိုင်းတုံ-တောင်ကြီးသွားကားလမ်းတွင် မိုင်းပျဉ်းမြို့နယ် ပန်မော်(၂၀)မိုင်ရွာနေ စိုင်းစံထွန်း(၄၂)နှစ် မောင်းနှင်လာသည့် TOYOTA HILUX VIGO ယာဉ်နှင့် မိုင်းပျဉ်းမြို့နယ် (၂၄)မိုင်ရွာနေ ယောလှ မောင်းနှင်လာသည့် TOYOTA HILUX TIGER ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိုင်းစံထွန်း မောင်းနှင်လာသောယာဉ်ပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၀၂၀ ကီလို (တစ်ကီလိုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၂၀)ကို လည်းကောင်း၊ ယောလှ မောင်းနှင်လာသောယာဉ်ပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၉၈၀ ကီလို (တစ်ကီလိုလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၉၈၀)ကိုလည်းကောင်း ဖမ်းဆီးရမိသဖြင့် စိုင်းစံထွန်းနှင့် ယောလှတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျော်ဖုံးမှ*

ပွဲစတင်ပြီး မကြာမီတွင် မော်ဂန်ရော်ဂျာစ်က ဂိုးရီယာအပြင်ဘက်မှ ချယ်ဆီးအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ သို့သော်လည်း အိမ်ရှင်အာဆင်နယ်အသင်းက ပွဲကိုပြန်လည်ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၅ မိနစ်တွင် ချေပဂိုးရရှိကာ ကိုင်ဟာဗက်ဇ်က သွင်းယူပေးခဲ့သည်။ ပွဲချိန် မိနစ် ၅၀ တွင် အာဆင်နယ်အသင်းခေါင်းဆောင် မာတင်အိုဒီဂတ်က အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို သွင်းယူပေးခဲ့သည်။

ထို့နောက် ချယ်ဆီးအသင်း၏ချေပဂိုးရရှိရေး ဖိအားပေးတိုက်စစ်ဆင်မှုများကို အာဆင်နယ်အသင်းခံစစ်နှင့် ဂိုးသမား ဒေးဗစ်ရာယာတို့ အကောင်းဆုံးဟန့်တားကာကွယ်နိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုနိုင်ပွဲကြောင့် အမ်းမရိတ်ကွင်း၌ ချယ်ဆီးနှင့် ထိပ်တိုက်တွေ့ဆုံသည့် ငါးပွဲတွင် ငါးပွဲစလုံးအနိုင်ရရှိသည့် မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အစောပိုင်း ယှဉ်ပြိုင်ကစားခဲ့သည့် အဲဗာတန်နှင့် မန်ယူအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ အဆိုပါပွဲစဉ်တွင် မန်ယူအသင်းသည် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် မိတ်လန်းနိုင်းစ်၏ ချေပဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။


**အောင်ဇော်**

## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ပဲခူး စက်တင်ဘာ ၇**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့ မြို့မစခန်းမှရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းလုပ်အားပေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် လိပ်ပြာကန်ဘုန်းတော်ကြီးကျောင်း၌ပြုလုပ်ရာ မြို့မရဲစခန်းမှူး ဒုရဲမှူး နေမျိုးထွန်း ဦးစီးပြီး တပ်ဖွဲ့ဝင်များက ကျောင်းပရိဝုဏ်အတွင်း အမှိုက်များနှင့် မြက်များကို စုပေါင်းရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**၂၂၁**



## သာယာဝတီမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧက ၁၁၅ တင်းကျော် ထွက်ရှိ



**သာယာဝတီ စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သာယာအေးကျေးရွာအုပ်စု ကွင်းအမှတ် ၁၄၅၁ တောင်သူ ဦးကျော်သူပါ တောင်သူ ရှစ်ဦး၏ မိုးစပါး ဆာဖိုးသာမျိုး ၄၅ ဧကကို စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ခဲ့ကြပြီး စပါးရိတ်ခြွေစက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အထွက်နှုန်း ၁၁၅ ဒသမ ၆၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တက္ကသိုလ်ပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ၊ ဆုချီးမြှင့်ပွဲကျင်းပ



**စစ်တွေ စက်တင်ဘာ ၇**
ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပသည်။

ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စစ်တွေတက္ကသိုလ်(A) အသင်းနှင့် စစ်တွေတက္ကသိုလ် (B) အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစား ဝါသနာရှင်များနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲအပြီးတွင် စစ်တွေတက္ကသိုလ် (A) အသင်းက အနိုင်ရရှိကာ တံခွန်စိုက် ဆုဖလားရရှိသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက စပေးဘောအကောင်းဆုံးဆု၊ ရိုက်ခုတ်အကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ အားကစားသမားများ၊ ဆုရရှိသည့် အသင်းများကို တစ်ဦးချင်း လည်ဆွဲ ဆုတံဆိပ်၊ ဆုငွေများနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ




**နေပြည်တော် စက်တင်ဘာ ၇**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာ အနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှ စ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားကာ အိပ်ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည် တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့် နေရာအား ဆည်မြောင်းတာအတွင်းဘက်ခြမ်း ပန်းတာတည်ဆောက်ခြင်း၊ ဆည်မြောင်းတာအတွင်းဘက်ခြမ်း Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍ တာခြေထောက်ခြင်း၊ မြစ်ကမ်းထိန်း လုပ်ငန်းဆောင်ရွက်ခြင်း၊ ကမ်းပြိုကာကွယ်ရေးသုံး Geotextile ခင်းခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်းနှင့် ရေလမ်းသောင်တူးလုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန် တိုင်းစစ်ဌာနချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုလောမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်လှစ်

**ပုလော စက်တင်ဘာ ၇**
တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၂၆)ကို မြို့နယ်မီးသတ်ဦးစီးဌာနတွင် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ဖွင့်လှစ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဇင်ထိုက်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၅၀ တက်ရောက်၍ ရက်သတ္တပတ် လေးပတ်ကြာ စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်း

**သာစည် စက်တင်ဘာ ၇**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၂/၂၀၂၆)သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက်က မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများ ကိုယ်စား သင်တန်းသားခေါင်းဆောင်ထံ ပေးအပ်သည်။ သင်တန်းဆင်းပွဲ အခမ်းအနားကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ပြီး ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



## မြို့သစ်မြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မြို့သစ် စက်တင်ဘာ ၇**
မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရဲတပ်ဖွဲ့မှ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယမန်နေ့က မင်းရပ်ကွက်ရှိ သမိုင်းဝင်လှိုင်နံ့သာစေတီတော်မြတ်ကြီး၌ ဆောင်ရွက်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်သန်းဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်စုစုပေါင်း ၃၂ ဦးက ဘုရားပရိဝုဏ်အတွင်း အပြင်၌ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ဘုရားရင်ပြင်တော်သန့်ရှင်းရေး ပြုလုပ်ခြင်းများကို စုပေါင်း၍ လုပ်အားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မဟာအောင်မြေမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၇**
မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက လိုရာပြည့်စုံရန်မျိုးလုံမြတ်စွာဘုရား(၅) ဆူဝင်း အတွင်းပြုလုပ်ရာ အမှတ်(၁) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲနှင့် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)မှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး ကိုကိုနိုင် ဦးစီး၍ ရဲတပ်ဖွဲ့ဝင်အရာရှိ ၁၇ ဦး၊ အခြားအဆင့် တပ်ဖွဲ့ဝင် ၄၄ ဦးတို့က လိုရာပြည့်စုံရန်မျိုးလုံ ပေါ်တော်မူမြတ်စွာဘုရား(၅)ဆူဝင်းအတွင်း၊အပြင်များ သန့်ရှင်းသာယာလှပစေရေး ပေါင်းမြက်များ၊ ချုံနွယ်များ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များကို ဖယ်ရှားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေ

**နေပြည်တော် စက်တင်ဘာ ၇**
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

**တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏။**

# မြို့ပြရေပေးဝေရေး၊ ရေသန့်စင်ခြင်း နည်းပညာများနှင့် ကလိုရင်း၏ အရေးပါမှု

ဝေဖြိုးအောင်


မြို့ပြလူဦးရေတိုးပွားလာမှုနှင့်အတူ သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် မြို့ပြအုပ်ချုပ်မှု စီမံခန့်ခွဲရေးကဏ္ဍများတွင် အရေးအကြီးဆုံးသော တာဝန်တစ်ရပ် ဖြစ်လာပါသည်။ မြို့ပြရေပေးဝေရေးစနစ်သည် မြို့နေလူထု၏ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်သက်ဆိုင်နေသော အခြေခံအဆောက်အအုံ ဖြစ်ပါသည်။ ရေသန့်စင်ခြင်းလုပ်ငန်းစဉ်သည် သဘာဝရေရင်းမြစ်များ (မြစ်၊ ချောင်း၊ အင်းအိုင်၊ မြေအောက်ရေ)မှ ရေများကို စနစ်တကျရယူပြီးနောက် လူသားတို့ သောက်သုံးရန် သင့်တော်သော ကျန်းမာရေးစံညွှန်းများနှင့်ကိုက်ညီသည့် ရေအဖြစ်သို့ ပြောင်းလဲပေးသောလုပ်ငန်းစဉ် ဖြစ်ပါသည်။

ခေတ်သစ်မြို့ပြ စီမံခန့်ခွဲမှုစနစ်များတွင် ရေသန့်စင်ရေးသည် ရိုးရှင်းသော ရေစစ်ခြင်း အဆင့်မှသည် ခေတ်မီနည်းပညာများဖြစ်သော ဓာတုဗေဒနည်းဖြင့် ပိုးသတ်ခြင်း၊ အဆင့်မြင့် ရေစစ်နည်းပညာများ အသုံးပြုခြင်းအထိ ကျယ်ပြန့်လာခဲ့ပါသည်။ ဤဆောင်းပါးတွင် မြို့ပြရေပေးဝေရေးစနစ်များ၌ အဓိကအသုံးပြုနေသော ရေသန့်စင်ခြင်းစနစ်များကို လေ့လာသွားမည်ဖြစ်ပြီး အထူးသဖြင့် ကမ္ဘာတစ်ဝန်းအကျယ်ပြန့်ဆုံး အသုံးပြုနေသည့် ကလိုရင်းဖြင့် ရေသန့်စင်ခြင်းနည်းပညာနှင့် ယင်း၏ အားသာချက်၊ အားနည်းချက်များနှင့် ခေတ်သစ်စမတ်စီးတီးစနစ်များတွင် အသုံးပြုနိုင်မည့် အနာဂတ် အလားအလာများကို အသေးစိတ် သုံးသပ်တင်ပြသွားမည် ဖြစ်ပါသည်။

### ရေသန့်စင်ခြင်း သမိုင်းကြောင်းနှင့် ဆင့်ကဲပြောင်းလဲမှု

ရေသန့်စင်ခြင်း၏ သမိုင်းကြောင်းသည် လူသားတို့၏ ယဉ်ကျေးမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့ပါသည်။ ရှေးခေတ်ဂရိနှင့် ရောမလူမျိုးများသည် ရေကိုကျိုချက်ခြင်း၊ သဲနှင့်ကျောက်စရစ်များကို အသုံးပြု၍ စစ်ထုတ်ခြင်းနည်းလမ်းများကို အသုံးပြုခဲ့ကြပါသည်။ သို့သော်လည်း သိပ္ပံနည်းကျရေသန့်စင်ခြင်းနှင့် ပိုးသတ်ခြင်းလုပ်ငန်းစဉ်များသည် ၁၉ ရာစုနှောင်းပိုင်းတွင်မှ စတင်ပေါ်ပေါက်လာခဲ့ပါသည်။ ၁၈၅၄ ခုနှစ်တွင် လန်ဒန်မြို့၌ ဖြစ်ပွားခဲ့သော ကာလဝမ်းရောဂါကူးစက်မှုကြီးတွင် ဒေါက်တာ ဂျွန်စနိုးသည် ရောဂါကူးစက်မှု၏ အဓိကအကြောင်းရင်းမှာ ညစ်ညမ်းနေသော သောက်သုံးရေကြောင့်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ရေကို စနစ်တကျသန့်စင်ပြီးမှသောက်သုံးရန် အရေးကြီးကြောင်းကို သိပ္ပံပညာရှင်များနှင့် အစိုးရများက ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုလာခဲ့ကြပါသည်။

၁၉၀၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လင်ကွန်းမြို့တွင် ကာလဝမ်းရောဂါကူးစက်မှုကို ထိန်းချုပ်ရန်အတွက် သောက်သုံးရေကို ကလိုရင်းအသုံးပြု၍ ပိုးသတ်ခြင်းကို ပထမဆုံးအောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ကလိုရင်းသည် ကမ္ဘာတစ်ဝန်းရှိ မြို့ပြရေပေးဝေရေးစနစ်များတွင် မရှိမဖြစ်လိုအပ်သော ဓာတုပစ္စည်းတစ်ခု ဖြစ်လာခဲ့ပါသည်။ ယနေ့ခေတ်တွင် ရေသန့်စင်ခြင်း နည်းပညာများသည် များစွာတိုးတက်လာခဲ့ပြီ ဖြစ်သော်လည်း ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများစွာရှိ စည်ပင်သာယာ ရေပေးဝေရေးဌာနများသည် ကလိုရင်း၏ ထိရောက်မှုနှင့် ကုန်ကျစရိတ်သက်သာမှုတို့ကြောင့် ၎င်းကို အဓိကပိုးသတ်ဆေးအဖြစ် ဆက်လက်အသုံးပြုနေဆဲဖြစ်ပါသည်။




စံပြမြို့ပြရေသန့်စင်စက်ရုံ၏ အဆင့်ဆင့်လုပ်ငန်းစဉ်ဖော်ပြမှုပုံ။

### ရေသန့်စင်မှု အဆင့်ဆင့်

စံပြ မြို့ပြရေသန့်စင်မှု စက်ရုံတစ်ရုံတွင် ရေကို အဆင့်ဆင့် သန့်စင်ရပါသည်။ အဓိက အဆင့်များမှာ–

### ဓာတ်ပြောင်း၍ အနည်ထိုင်စေခြင်း

သဘာဝရေတွင် ပါဝင်သောအမှုန်အမွှားငယ်များ၊ ရွှံ့နှစ်များနှင့် သဘာဝအော်ဂဲနစ်ပစ္စည်းများကို ဖယ်ရှားရန်အတွက် အလူမီနီယမ်ဆာလဖိတ် သို့မဟုတ် ပိုလီမာကဲ့သို့သော ဓာတုပစ္စည်းများကို ရေထဲသို့ ထည့်သွင်းပေးရပါသည်။ ဤဓာတုပစ္စည်းများသည် ရေထဲရှိ အမှုန်အမွှားငယ်များကို တစ်ခုနှင့်တစ်ခု ပေါင်းစပ်သွားစေပြီး ပိုမိုကြီးမားသော အနည်ဖတ်များအဖြစ်သို့ ပြောင်းလဲသွားစေပါသည်။ ဤလုပ်ငန်းစဉ်သည် နောက်ဆက်တွဲ အနည်ထိုင်ခြင်းလုပ်ငန်းစဉ်အတွက် အလွန်အရေးကြီးပါသည်။

### အနည်ထိုင်ခြင်း

ပေါင်းစပ်သွားသော အနည်ဖတ်များပါဝင်သည့် ရေကို အနည်ထိုင်ကန်များသို့ ပို့ဆောင်ပြီး တည်ငြိမ်စွာထားရှိပါသည်။ ကြီးမားလေးလံသော အနည်ဖတ်များသည် ဆွဲငင်အားကြောင့် ကန်၏ အောက်ခြေသို့ တဖြည်းဖြည်းကျဆင်းသွားပြီး အပေါ်ယံတွင် ကြည်လင်သောရေများ ကျန်ရစ်ခဲ့ပါသည်။ အောက်ခြေရှိ အနည်များကို စနစ်တကျ ဖယ်ရှားပစ်ရပါသည်။

### ရေစစ်ခြင်း

ရေစစ်ခြင်းလုပ်ငန်းစဉ်တွင် လက်ရှိ ခေတ်မီစနစ်များတွင် အဓိကအားဖြင့် နှေးကွေးသော သဲရေစစ်စနစ်နှင့် လျင်မြန်သော သဲရေစစ်စနစ်ဟူ၍ နှစ်မျိုးခွဲခြား အသုံးပြုကြပါသည်။

နှေးကွေးသော သဲရေစစ်စနစ်သည် ၁၉ ရာစုအစောပိုင်းတွင် စကော့တလန်နှင့် လန်ဒန်မြို့တို့၌ စတင်တီထွင်အသုံးပြုခဲ့သော အလွန်ထိရောက်သည့် သဘာဝရေစစ်နည်းပညာ ဖြစ်ပါသည်။ ဓာတုဗေဒပစ္စည်းများ လုံးဝအသုံးမပြုပါ။ အလုပ်လုပ်ပုံယန္တရားမှာ သဲအလွှာ၏ အပေါ်ယံတွင် "Schmutzdecke" ဟုခေါ်သော ဇီဝဗေဒအလွှာတစ်ခု သဘာဝအလျောက် ဖြစ်ပေါ်လာပြီး ရောဂါဖြစ်ပွားစေနိုင်သည့် ပိုးမွှားများနှင့် အော်ဂဲနစ်ပစ္စည်းများကို စားသုံးဖျက်ဆီးပစ်ပါသည်။ အားသာချက်များအနေဖြင့် ဓာတုပစ္စည်း လုံးဝမလိုခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ် သက်သာခြင်း၊ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်များကို ၉၉ ဒသမ ၉ ရာခိုင်နှုန်းအထိ ဖယ်ရှားနိုင်ပြီး လျှပ်စစ်မီးမလိုပါ။ အားနည်းချက်များမှာ ရေစစ်နှုန်း အလွန်နှေးကွေးခြင်း၊ မြေနေရာကြီးမားစွာ လိုအပ်ခြင်းနှင့် နောက်ကျိမှုအလွန်များသော ရေအတွက် မသင့်လျော်ခြင်းတို့ ဖြစ်ပါသည်။

လျင်မြန်သော သဲရေစစ်စနစ်ကို မြို့ပြလူဦးရေ အလွန်ထူထပ်လာမှုနှင့်အတူ ရေလိုအပ်ချက် အဆမတန်မြင့်မားလာသောအခါ အစားထိုး အသုံးပြုလာကြခြင်း ဖြစ်ပါသည်။ အလုပ်လုပ်ပုံယန္တရားများမှာ ဇီဝဗေဒအလွှာမပါဝင်ဘဲ သဲ၊ ကျောက်စရစ်နှင့် ကျောက်မီးသွေးအလွှာများကို ဖြတ်သန်း၍ ရုပ်ပိုင်းဆိုင်ရာသက်သက်ဖြင့် ဖမ်းယူစစ်ထုတ်ခြင်း ဖြစ်ပါသည်။ သန့်ရှင်းရေးလုပ်ခြင်းအနေဖြင့် ပိတ်ဆို့လာပါက ရေစစ်ခြင်းကိုရပ်တန့်၍ လေဖိအားနှင့် ရေကို အောက်ခြေမှအထက်သို့ ပြောင်းပြန်တွန်းတင်ဆေးကြောရပါသည်။ အားသာချက်များအနေဖြင့် ရေစစ်နှုန်း ပိုမိုမြန်ဆန်ခြင်း၊ မြေနေရာ နည်းပါးစွာလိုအပ်ခြင်း၊ အလိုအလျောက်စနစ်ဖြင့် လုပ်ဆောင်နိုင်ခြင်းတို့ဖြစ်ပြီး အားနည်းချက်များမှာ ဓာတုပစ္စည်းများ အမြဲလိုအပ်ခြင်း၊ လျှပ်စစ်မီးနှင့် ကျွမ်းကျင်ဝန်ထမ်း အမြဲလိုအပ်ခြင်းတို့ ဖြစ်ပါသည်။

### ရေစစ်ခြင်းတွင် အနှေးသဲရေစစ်ခြင်းနှင့် အမြန် သဲရေစစ်ခြင်း၏ ကွာခြားမှုပြပုံ

### ပိုးသတ်ခြင်း

ရေစစ်ပြီးသော ရေတွင် ကျန်ရှိနေနိုင်သေးသော ရောဂါဖြစ်ပွားစေသည့် ဗက်တီးရီးယားများ၊ ဗိုင်းရပ်စ်များနှင့် ကပ်ပါးကောင်များကို သေစေရန်အတွက် ပိုးသတ်ခြင်းလုပ်ငန်းစဉ်ကို မဖြစ်မနေလုပ်ဆောင်ရပါသည်။ ဤအဆင့်တွင် ကလိုရင်း၊ အိုဇုန်း သို့မဟုတ် ခရမ်းလွန်ရောင်ခြည်တို့ကို အသုံးပြုလေ့ရှိပြီး ကလိုရင်းအသုံးပြုခြင်းသည် အတွင်ကျယ်ဆုံး ဖြစ်ပါသည်။

### သိုလှောင်ခြင်းနှင့် ဖြန့်ဝေခြင်း

သန့်စင်ပြီးသောရေများကို ရေလှောင်ကန်ကြီးများတွင် သိုလှောင်ထားပြီးနောက် ပိုက်လိုင်းကွန်ရက်များမှတစ်ဆင့် မြို့နေလူထုထံသို့ ဖြန့်ဝေပေးပါသည်။ ဤဖြန့်ဝေသည့် လမ်းကြောင်းတစ်လျှောက်တွင် ရေများ ပြန်လည်ညစ်ညမ်းမှု မဖြစ်စေရန်အတွက် အကြွင်းအကျန် ကလိုရင်းပါဝင်မှုသည် အလွန်အရေးပါသည်။

### ကလိုရင်းဖြင့် ရေသန့်စင်ခြင်း အသေးစိတ်

ကလိုရင်းဖြင့် ရေသန့်စင်ခြင်းသည် မြို့ပြရေပေးဝေရေးတွင် အရေးအပါဆုံးသော အဆင့်တစ်ခုဖြစ်ပါသည်။ ကလိုရင်းကို ပုံစံအမျိုးမျိုးဖြင့် အသုံးပြုနိုင်ပြီး အဖွဲ့အစည်းများ၏ လိုအပ်ချက်နှင့် စက်ရုံ၏ အရွယ်အစားပေါ်မူတည်၍ ရွေးချယ်အသုံးပြုလေ့ရှိပါသည်။

ကလိုရင်းဓာတ်ငွေ့ကို ဖိအားမြင့် ဆလင်ဒါအိုးကြီးများဖြင့် သယ်ယူပို့ဆောင်လေ့ရှိပြီး ရေထဲသို့ တိုက်ရိုက်ထည့်သွင်း အသုံးပြုပါသည်။ ယင်းသည် ဈေးအသက်သာဆုံးနှင့် အထိရောက်ဆုံးပုံစံဖြစ်သော်လည်း အလွန်အန္တရာယ်များသော အဆိပ်ငွေ့ဖြစ်သောကြောင့် ကိုင်တွယ်အသုံးပြုရာတွင် အဆင့်မြင့်လုံခြုံရေးအစီအမံများနှင့် ကျွမ်းကျင်ဝန်ထမ်းများ လိုအပ်ပါသည်။ မြို့ကြီးများ၏ ရေသန့်စင်စက်ရုံကြီးများတွင် အဓိကအသုံးပြုပါသည်။

ဆိုဒီယမ်ဟိုက်ပိုကလိုရိုက်သည် ကလိုရင်း၏ အရည်ပုံစံဖြစ်ပြီး ပုံမှန်အိမ်သုံး အရောင်ချွတ်ဆေးတွင် ပါဝင်သော ဓာတုပစ္စည်းနှင့်တူညီပါသည်။ သို့သော် ရေသန့်စင်စက်ရုံများတွင်သုံးသော အရည်သည် ပြင်းအားပိုများပါသည်။ (ပုံမှန်အားဖြင့် ၁၂ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ)။ ယင်းကို ကိုင်တွယ်ရလွယ်ကူပြီး ဓာတ်ငွေ့လောက် အန္တရာယ်မများသောကြောင့် အလတ်စားနှင့် အသေးစား ရေသန့်စင်စက်ရုံများတွင် အကျယ်တဝင့် အသုံးပြုကြပါသည်။ ကယ်လ်စီယမ် ဟိုက်ပိုကလိုရိုက်သည် ကလိုရင်း၏ အမှုန့် သို့မဟုတ် ဆေးပြားပုံစံဖြင့် ရရှိနိုင်ပြီး ပြင်းအား ၆၅ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ရှိပါသည်။ ရေရှည်သိုလှောင်ထားရန် လွယ်ကူပြီး သယ်ယူပို့ဆောင်ရေးအတွက် အဆင်ပြေသောကြောင့် ဝေးလံခေါင်ဖျားသောဒေသများ သို့မဟုတ် အရေးပေါ် ရေသန့်စင်ရေးလုပ်ငန်းစဉ်များတွင် များစွာအသုံးဝင်ပါသည်။

ကလိုရာမင်းသည် ကလိုရင်းနှင့် အမိုးနီးယားတို့ကို ရောစပ်ထားသော ဒုတိယအဆင့် ပိုးသတ်ဆေး ဖြစ်ပါသည်။ ကလိုရင်းစစ်စစ်ထက် ပိုးသတ်နိုင်စွမ်း အနည်းငယ်နှေးကွေးသော်လည်း ရေပိုက်လိုင်းများအတွင်း အချိန်ကြာမြင့်စွာတည်ရှိနေနိုင်ပြီး အနံ့အသက်ဆိုးများ ထွက်ပေါ်မှုကို လျှော့ချပေးနိုင်သောကြောင့် ပိုက်လိုင်းရှည်လျားသော မြို့ကြီးများတွင် အသုံးပြုလေ့ရှိပါသည်။

ကလိုရင်းသည် ရေထဲတွင် ပျော်ဝင်သွားသောအခါ ဟိုက်ပိုကလိုရတ်စ်အက်စစ်နှင့် ဟိုက်ပိုကလိုရိုက် အိုင်းယွန်းတို့အဖြစ်သို့ ကွဲထွက်သွားပါသည်။ ဤဒြပ်ပေါင်းနှစ်ခုကို Free Available Chlorine (FAC) ဟုခေါ်ဆိုပြီး ၎င်းတို့သည် ရောဂါပိုးမွှားများကို သေစေရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

- ယနေ့ခေတ်တွင် ရေသန့်စင်ခြင်းနည်းပညာများသည် များစွာတိုးတက်လာခဲ့ပြီဖြစ်သော်လည်း ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများစွာရှိ စည်ပင်သာယာ ရေပေးဝေရေးဌာနများသည် ကလိုရင်း၏ ထိရောက်မှုနှင့် ကုန်ကျစရိတ်သက်သာမှုတို့ကြောင့် ၎င်းကို အဓိကပိုးသတ်ဆေးအဖြစ် ဆက်လက်အသုံးပြုနေဆဲဖြစ်
- ကလိုရင်းဓာတ်ငွေ့ကို ဖိအားမြင့် ဆလင်ဒါအိုးကြီးများဖြင့် သယ်ယူပို့ဆောင်လေ့ရှိပြီး ရေထဲသို့ တိုက်ရိုက်ထည့်သွင်းအသုံးပြုပါသည်။ ယင်းသည် ဈေးအသက်သာဆုံးနှင့် အထိရောက်ဆုံးပုံစံဖြစ်သော်လည်း အလွန်အန္တရာယ်များသော အဆိပ်ငွေ့ဖြစ်သောကြောင့် ကိုင်တွယ်အသုံးပြုရာတွင် အဆင့်မြင့်လုံခြုံရေးအစီအမံများနှင့် ကျွမ်းကျင်ဝန်ထမ်းများ လိုအပ်





# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၈)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌ စုဖွဲ့၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၈) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများ အလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၈) မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၈) မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

၁။ စစ်မှုထမ်း ဆင့်ခေါ်စာကြားလို့ ကျွန်တော်နေပြည်တော်ရောက်နေတဲ့အခိုက်မှာ လိုက်လာခြင်း ဖြစ်ပါတယ်။ ကျွန်တော် အကောင်းဆုံး လေ့လာပြီးသင်ယူသွားမှာပါ။ သုံးလဆိုတဲ့ကာလကလည်း မကြာဘူးလေ။ လေ့လာသွားမယ်။ ပြီးတော့ အကောင်းဆုံး ကျွန်တော်ကြိုးစားမယ်။ နောက်သင်တန်း တက်ရောက်မယ့်သူတွေကိုလည်း ကိုယ်ထင်ထားတဲ့ အတိုင်း မဟုတ်ပါဘူးလို့ပြောချင်ပါတယ်။ အရင်တုန်းကတော့ စစ်မှုထမ်းရမယ်ဆို ပြည်သူတွေအားလုံးက အလွန်ကြောက်နေကြတယ်။ အခုက နွေးနွေးထွေးထွေး ကြိုဆိုကြတယ်။







ကိုယ်ထင်ထားသလိုမျိုး မဟုတ်ဘူး။ ဒီမှာ အားလုံးအဆင်ပြေကြတယ်။ ဆင့်ခေါ်စာကျရင် တက်ရောက်ကြပါလို့ ကျွန်တော် ဒီကနေ ပြောကြားချင်ပါတယ်။ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်ကို ကျွန်တော်ကျရာတာဝန်ကို အကောင်းဆုံးကြိုးစားပြီး ထမ်းဆောင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

၂။ စစ်မှုထမ်းက လူတိုင်းထမ်းရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း ၁၉၇ နိုင်ငံရှိပါတယ်။ နိုင်ငံပေါင်း ၆၀ ကျော်မှာ စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းထားတဲ့အတွက် ကျွန်တော်တို့ နိုင်ငံမှာလည်း မဖြစ်မနေထမ်းရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့ အပြင်လောကနဲ့ မတူတဲ့ စည်းကမ်းတွေကို ကျွန်တော်တို့ရရှိမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့တစ်ခါမှမသင်ယူဖူးတဲ့ စစ်ပညာတွေနဲ့ နိုင်ငံတော်ကာကွယ်ဖို့ ပညာတွေကိုရရှိမယ်လို့ထင်ပါတယ်။ လူတိုင်းကတော့ စစ်သားမဖြစ်ပါဘူး။ ကျွန်တော်တို့ အခုလိုမျိုးတာဝန်ထမ်းဆောင်ခွင့် ရတဲ့အတွက် အများကြီး ဂုဏ်ယူပါတယ်။ အလွန်ဝမ်းသာပါတယ်။ ကျွန်တော်တို့ကလည်း ကြိုးစားပြီးတော့ သင်ယူပါတယ်။

**သတင်းစဉ်**

## ညောင်တုန်းကျွန်းတာ မြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် မြေအိပ်ပဲ့ကျမှု ဖြစ်ပွားခဲ့သည့်နေရာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ပုသိမ် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ချောင်းဖျားကျေးရွာရှိ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) ၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဆည်မြောင်းတာ အိပ်ပဲ့ကျမှု ဖြစ်ပွားခဲ့သည့် တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၏ တစ်ဆက်တည်းတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာ၏ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှုရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ ရေစီးကြောင်းအခြေအနေ၊ ရေစီးနှုန်းနှင့် ကမ်းပါးအခြေအနေများကို အမြဲမပြတ် စောင့်ကြည့်စစ်ဆေးပြီး လိုအပ်သည့် နေရာများတွင် အချိန်မီ ကြိုတင်ပြင်ဆင်ကာကွယ်ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၁) ရပ်ကွက် ရတနာပုံရိပ်သာကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့အတူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ကလည်း အားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအနီး ရန်ကုန်-ပုသိမ်ကားလမ်း လမ်းဘေးဝဲယာ ရေမြောင်းများနှင့် ဆားမလောက်- မအူပင် ကားလမ်း ဘေးဝဲယာရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဗေဒါများ၊ ချုံနွယ်များ၊ မြက်ပင်များအား လူအင်အား၊ စက်အင်အားအသုံးပြု၍ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညောင်တုန်းမြို့ စက္ကော့ကျေးရွာ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ စာသင်ကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံဆွေးနွေးကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**







## တာချီလိတ်ခရိုင် ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ် စာပေချစ်မြတ်နိုးသူများ (Book Club) အဖွဲ့နှင့် မြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်းကာ စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ကျင်းပရာ မြို့နယ် စာရေးဆရာအသင်း နာယက ဦးစိုးစိုး(သုတစိုးနေ့သစ်) က စာပေရေးရာများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးလှငွေး (ဝေယံလင်း) က “ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း” စာအုပ်ဖြင့် ဆွေးနွေးခဲ့ရာ စာဖတ်ဝိုင်းသို့ တက်ရောက်ခဲ့သည့် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ပါဝင်ဆွေးနွေး မေးမြန်းခဲ့ကြကြောင်း သိရသည်။

**ရွှေမြိုင်သူ (ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၇**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## လေးမျက်နှာမြို့နယ် ဝေန်မြစ်ရေတိုက်စားမှုကြောင့် ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျသည့်နေရာတွင် တာတမံပိတ်ဆို့ ကာရံခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးရေး စီမံဆောင်ရွက်နေ



**နေပြည်တော် စက်တင်ဘာ ၇**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝေန်မြစ်ရေ တိုက်စားမှုကြောင့် ဝေန်တာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ တာတမံ နိမ့်ကျမှုဖြစ်ပွားပြီး မြစ်ရေစီးကျော်ဝင်သည့် နေရာတွင် တာတမံပိတ်ဆို့ ကာရံခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးရေးအတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆောက်လုပ်ရေးဝန်ကြီးဌာန တံတား ဦးစီးဌာန တံတားအထူးအဖွဲ့ (၁၅) နှင့် တံတားအထူး အဖွဲ့(၁၆) တို့မှ Steel Sheet Pile / Stand Pipe ရိုက်သွင်းပြီးစီးခဲ့မှု၊ တာတမံကာရံခြင်းလုပ်ငန်းများကို ဝန်ထမ်းများနှင့် အလုပ်သမားများက နေ့ညမပြတ် လုပ်ငန်းဆောင်ရွက်နေမှု၊ Geo-bags အိတ်ကြီး များကို ကရိန်းများဖြင့် ချထားမှု၊ ရိုက်ပြီး Steel Sheet Pile များ နောက်တွင် သဲအိတ်ချထားမှု၊ ရေအရင်း အမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန တာဝန်ရှိသူများက သောင်တူးစက်ကြီး ရေယာဉ် တွဲဖြင့် သဲတူးဖော်ပြီး ရေဝင်လမ်းကြောင်းအနီးသို့ သဲမှုတ်တင်ခြင်း ဆောင်ရွက်ထားမှု၊ ရေဝင်လမ်း ပိတ်ဆို့ကာကွယ်ခြင်းအတွက် CB တွဲခွံအတွင်းသို့ သဲ၊ ကျောက်ထည့်သွင်း၍ နှစ်မြှုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ရေဝင်လမ်းကြောင်းကို ပိတ်ဆို့ကာရံခြင်းလုပ်ငန်း များ ဆောင်ရွက်ရာတွင် အမြန်ပြီးစီးနိုင်ရေး တာဝန် ရှိသူများက ကြိုးကြပ်ဆောင်ရွက်သွားကြရန်၊ Steel Sheet Pile များကို Vibro-Hammer စက်ဖြင့် ရိုက်သွင်းခြင်းအား အရှိန်အဟုန်မပြတ် ဆောင်ရွက် သွားကြရန်၊ ကျားကန်ခြင်း၊ ဒေါက်ကန်ခြင်း လုပ်ငန်း များအပြင် စက်၊ယာဉ်/ ယန္တရားများကိုအသုံးပြု၍ သဲအိတ်များ၊ Stand Pipe များဖြင့် ရေဝင်လမ်းကြောင်း များကို ကာရံသွားရန် မှာကြားသည်။

အဆိုပါခရီးစဉ်အတွင်း Oriental Highway ကုမ္ပဏီလီမိတက်က B.O.T စနစ်ဖြင့် ဆောင်ရွက် လျက်ရှိသည့် ရန်ကုန် - ပုသိမ်လမ်းအခြေအနေ၊ ရောဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန၊ Oriental Highway ကုမ္ပဏီလီမိတက်နှင့် ငါးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လမ်းဘေးဝဲ/ယာ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု၊ ဟသ်ာတ- ဆုံကုန်း- မြန်အောင်လမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တလုတ္တော် - လေးမျက်နှာ လမ်းပိုင်းအခြေအနေတို့ကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၇**

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ ဗောဓိကုန်း အမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များသည် ယမန်နေ့က အုတ်တွင်းမြို့နယ် ကိုင်းဒါး ကြီးကျေးရွာရှိ ကိုင်းဒါးကြီးဘုန်းကြီးကျောင်းဝင်းအတွင်း စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## မော်လိုက်မြို့၏ အရှေ့ဘက်ကို ဗဟိုပြု၍ အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် စက်တင်ဘာ ၇**

ယနေ့ မြန်မာစံတော်ချိန် ၀၃ နာရီ၊ ၅၀ မိနစ်၊ ၅၁ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၅၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့ဘက် ၂၅ မိုင်ခန့် အကွာ) မြောက်လတ္တီတွဒ် ၂၃.၆၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄.၈၁ ဒီဂရီ၊ အနက် ၄၉ ကီလိုမီတာကို ဗဟိုပြု၍ ၃.၂(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## ကံမမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်သင်တန်းဆင်း



**ကံမ စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ကံမမြို့ နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်း စွမ်းဆောင်ရည် မြင့်မားရေး သင်တန်း(၂/၂၀၂၆) ဆင်းပွဲ အခမ်း အနားကို ယမန်နေ့က မြို့နယ် ခန်းမတွင်ကျင်းပရာ မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခေတ္တ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက် လွင်ဦးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်း ဆင်း လက်မှတ်များ ပေးအပ်ခဲ့ ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



## တိုက်ကြီးမြို့နယ်၌ အရန်သားဖွားဆရာမများ လေ့ကျင့်မွေးထုတ်ရေး သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အရန်သားဖွားဆရာမအသစ် မွေးထုတ်ခြင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာဇော်လင်းနိုင်က သားဖွားဆရာမများ လွှမ်းခြုံမှု အားနည်းသည့် ကျေးလက်ဒေသများတွင် ကိုယ်ဝန်ဆောင်များ၊ မွေးဖွား ပြီးသူများနှင့် သားဆက်ခြား၊ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက် မှုများ လက်လှမ်းမီစေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ တိုက်ကြီးမြို့နယ်၌ အရန်သားဖွား ၃၂ ဦး မွေးထုတ် ပေးခဲ့ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပြီး ယခုသင်တန်းမှ အရန်သားဖွားအသစ် ၃၀ ကို ထပ်မံမွေးထုတ်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပန်းတောင်း စက်တင်ဘာ ၇**

ပန်းတောင်းမြို့နယ်၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၇ နာရီက ဥသျှစ်ပင်မြို့ တိုက်နယ်ပြည်သူ့ဆေးရုံတွင် နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းဆန်း ဦးစီး သည့် အင်အား ၂၂ ဦးဖြင့် ဆေးရုံအတွင်း/အပြင် သန့်ရှင်းသာယာလှပ ရေးနှင့် အမှိုက်သရိုက်များ သိမ်းဆည်းခြင်း၊ ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ သစ်ပင်သစ်ခက်များ ပေါင်းသင်ရှင်းလင်းခြင်းနှင့် ဆေးရုံ ဝင်းအတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရန် တူးဖော်ရှင်းလင်းခြင်း စသည့်သန့်ရှင်းရေး လုပ်ငန်း များကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**





(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ စက်တင်ဘာ ၅ ရက်က ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင် ဦးဆောင်၍ နယ်မြေရဲစခန်းများမှ အရာရှိများနှင့် တပ်ဖွဲ့ဝင်မိသားစုများက သစ်တပွေရပ်ကွက် ရွှေဘုံသာဘုရားဝင်း အတွင်းရှိ ဘုရားစေတီများနှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်စဉ်။ စိုးကြီး(ပြန်/ဆက်)

# မိဇံ (ဝက်/ဆိတ်)မွေးမြူရေးဇုန်၏ မွေးမြူရေးလုပ်ငန်းများမှ ယခုနှစ်အတွင်း အသားပိဿာချိန် ကိုးသောင်းကျော် မွေးမြူထုတ်လုပ်ထား

**ဘားအံ စက်တင်ဘာ ၇**

ကရင်ပြည်နယ် ဘားအံမြို့ရှိ မိဇံ (ဝက်/ဆိတ်) မွေးမြူရေးဇုန်၏ မွေးမြူရေးလုပ်ငန်းများမှ ယခုနှစ်အတွင်း အသားပိဿာချိန် ကိုးသောင်းကျော် မွေးမြူထုတ်လုပ်ထားကြောင်း သိရသည်။

အဆိုပါမွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့သွားရောက်ကြည့်ရှုစဉ် မွေးမြူရေး လုပ်ငန်းရှင်များက သယ်ယူ ပို့ဆောင်စရိတ်နှင့် တိရစ္ဆာန်အစာဈေးနှုန်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ ပို့ကုန်တင်ပို့နိုင်ရေးနှင့် ဇုန်ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးတင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မွေးမြူရေးလုပ်ငန်းရှင်များအတွက် တိရစ္ဆာန်အားဆေးနှင့် ခြံဖျန်းပိုးသတ်ဆေးများကို ပေးအပ်သည်။

ဆက်လက်၍ မွေးမြူရေးဇုန်အတွင်းရှိ ငါးမွေးမြူရေးကန်၊ ဝက်မွေးမြူရေးခြံ၊ ဆိတ်မွေးမြူရေးခြံများနှင့် အဆိုပါမွေးမြူရေးခြံများနှင့်ဆက်စပ်၍ အစွရေးမြက်ချို၊ နေပီယာမြက်မျိုးများ စိုက်ပျိုးထားရှိမှု၊ ဒေသကြက်နှင့် တိရစ္ဆာန်များ တွဲဖက်မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ယန္တရားဂိုဒေါင်အတွင်း ယာဉ်စက်ယန္တရားများထားရှိမှု၊ အမှတ် (၂၀) စက်မှုလယ်ယာစခန်း (ဘားအံ)ရှိ လက်တွန်းထွန်စက်၊ စပါးအစေ့ချစက်၊ ကောက်စိုက်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ထွန်စက်ကြီးများနှင့် လယ်ယာသုံး ကိရိယာပစ္စည်းများအား ပြင်ဆင်ရေးဆောင်ရွက်နေမှုတို့ကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# မိုးစပါးရိတ်သိမ်းပြီးပါက အစိုဓာတ်ရှိနေချိန်တွင် ကြားသီးနှံအဖြစ် ဆီထွက်ပဲပုပ်စိုက်ပျိုးရန် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်မှာကြား

**ပဲခူး စက်တင်ဘာ ၇**

မိုးစပါးရိတ်သိမ်းပြီးပါက အစိုဓာတ်ရှိနေချိန်တွင် ကြားသီးနှံအဖြစ် ဆီထွက်ပဲပုပ်စိုက်ပျိုးရန်၊ ရာသီဥတု ပြောင်းလဲမှုကြောင့် စိုက်ပျိုးရေးရှားပါးမှုမဖြစ်ပေါ်စေရေး စိုက်ပျိုးရေအား အကျိုးရှိရှိ စနစ်တကျသုံးစွဲကြရန်၊ စိုက်ပျိုးချိန်၊ ရာသီဥတု၊ ရေမြေသဘာဝနှင့်ကိုက်ညီပြီး ပန်းတိုင်အထွက်နှုန်းရရှိကာ တောင်သူဝင်ငွေ တိုးတက်ရရှိသည့် သီးနှံအမျိုးအစားအား စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယနေ့မွန်းလွဲပိုင်းတွင် ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာအုပ်စု၌ ရေဆင်းပေါ်ဆန်း(၁)မျိုးစေ့ထုတ်စိုက်ခြင်း စုပေါင်းမြေသြဇာကြဲပတ်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံစဉ် တိုက်တွန်းမှာကြားသည်။

ထို့ပြင် ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် သံပုရာခုန်ကျေးရွာအုပ်စု၌ ရေဆင်းပေါ်ဆန်း(၂)စပါး မျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဆောင်းသီးနှံစိုက်ရာသီတွင် ဆီထွက်သီးနှံ ပဲပုပ်စိုက်ပျိုးနိုင်ရေးနှင့် တန်ဖိုးမြှင့်ပေါ်ဆန်း စပါးမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး တိုက်တွန်းပြောကြားကာ သွင်းအားစုများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက်ရှိ လုပ်ငန်းရှင်ဦးရဲဇာနည်၏ "သပြေရိပ်" လယ်ယာသုံးစက်ကိရိယာအလုပ်ရုံမှ ထွန်စက်နောက်တွဲဘက်စုံသုံးဆေးဖျန်းစက်နှင့် ထွန်ယက်စက်အမျိုးမျိုးထုတ်လုပ်နေမှုနှင့် စံဖဲကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာဆောင်ရွက်လျက်ရှိသည့် ဦးမင်းဇော်ဦး၏ Seven Star စားသောက်ကုန်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အခြေခံ၍ စားသောက်ကုန် အမယ်သစ်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ ထုပ်ပိုးမှုစနစ်များ အဆင့်မြှင့်တင်နိုင်ရေးနှင့် ဒေသထွက်ရာသီပေါ်သီးနှံများအား အခြေခံ၍ တန်ဖိုးမြှင့်စားသောက်ကုန်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ဝက်သကင်ကျေးရွာ၌ မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းလေးဒေသအတွင်းမှ ကေလာကျေးရွာအပါအဝင် ကျေးရွာသုံးရွာ သောက်သုံးရေ ရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေ ၄၆၀ စက်ရေတွင်းတူးခြင်း၊ ရေဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း၊ အရှည် ၂ မိုင် ၇ ဖာလုံရှိ ၄ လက်မ HDPE ပိုက်သွယ်တန်းခြင်း ဆောင်ရွက်ထားမှု၊ ကေလာကျေးရွာ၌ ၁ နာရီလျှင် သောက်ရေသန့်လီတာ ၂၀၀၀ သန့်စင်နိုင်သည့် R.O ရေသန့်စက်တပ်ဆင်၍ သောက်သုံးရေဖြန့်ဝေပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်များနှင့်အညီ ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် အင်းပေါခုံ စံပြကျေးရွာသို့သွားရောက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်နေသည့် ကိုသန်းလှိုင် ကြာချည်ထည် ထုတ်လုပ်ရေးလုပ်ငန်းမှ ကြာချည်ရက်လုပ်နေမှု၊ ဆိုးဆေး ဆောင်ရွက်နေမှုနှင့် ကြာချည်ထည် အရောင်းပြခန်းတို့ကို ကြည့်ရှုအားပေးပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း RBF စီမံကိန်း ရန်ပုံငွေရယူ၍ ရက်ကန်းလုပ်ငန်း ဆောင်ရွက်နေကြသူများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့ပြင် ကုန်းခြံအောက်ကျေးရွာသို့ သွားရောက်၍ ညောင်ရွှေမြို့နယ်အတွင်းမှ မြပုလဲစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၊ ရွှေမင်းသားစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၊ ရောင်နီဦးလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ မိုးစပါးစိုက် အသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း၊ သက်တံ့ရောင်သမဝါယမစီမံကိန်းတို့ဖြင့် သမဝါယမအသင်းသား တောင်သူများအတွက် မျိုး၊ သွင်းအားစု၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများအား သီးနှံပေါ်ပေးစနစ်ဖြင့် ထောက်ပံ့ပေးမှုများ၊ စနစ်ကျသော သမဝါယမ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်စေရေး၊ သဘာဝမြေသြဇာများ ရောနှောအသုံးပြု၍ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းစိုက်ပျိုးကြရေး တိုက်တွန်းမှာကြားကာ အသင်းသားတောင်သူများ၏ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ဒိုက်ဦး စက်တင်ဘာ ၇**

ဒိုက်ဦးမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဥသျှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၆ ရက်က အမြန်လမ်းမိုင်တိုင်အမှတ် (၆၆/၇) အနီးရှိ ရွှေခနေအောင်ကောလိယ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းများကို စခန်းမှူး ရဲအုပ်စိုးဝဏ္ဏ ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင် ၃၃ ဦးတို့က ဆောင်ရွက်ကြပြီး ဘုန်းတော်ကြီးကျောင်းအတွက် ဆန်၊ ဆီနှင့် ဝတ္ထုငွေများဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **စိုးထက်ကျော် (ပြန်/ဆက်)**



## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# အမေရိကန်၌ ကုန်တင်လေယာဉ်တစ်စင်း ပြေးလမ်းကျော်လွန်၍ မော်တော်ယာဉ်အများအပြားကို ဝင်တိုက်



**ဖလော်ရီဒါ စက်တင်ဘာ ၇**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ လေဆိပ်တစ်ခုသို့ ကုန်တင်လေယာဉ်တစ်စင်း ဆင်းသက်စဉ် လေယာဉ်ပြေးလမ်း ကျော်လွန်ပြီး မော်တော်ယာဉ်အများအပြားကို ဝင်တိုက်မှုကြောင့် ငါးဦးသေဆုံးကြောင်း သိရသည်။

အမေဇုန် ကုန်ပစ္စည်းများ တင်ဆောင်လာသော အဆိုပါ လေယာဉ်သည် စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီဝန်းကျင်တွင် မိုင်ယာမီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းဖြစ်ရပ်ကြောင့် ငါးဦးသေဆုံးပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောသည်။

အဆိုပါ ဖြစ်ရပ်ကြောင့် လေယာဉ် အင်ဂျင်ခန်းအတွင်း မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း၊ ကယ်ဆယ်ရေး သမားများက လေယာဉ်အတွင်း ပိတ်မိနေသည့် လေယာဉ်မှူးနှင့် တွဲဖက်လေယာဉ်မှူးတို့အပြင် လေယာဉ် ဝင်တိုက်မိခဲ့သည့် မော်တော်ယာဉ်များထဲမှ လူများကို ကယ်ထုတ်နိုင်ရေး ဆောင်ရွက်ခဲ့ကြကြောင်း မီးသတ်အာဏာပိုင်များက ပြောသည်။

အမေရိကန် ဖက်ဒရယ် လေကြောင်းဦးစီးဌာနနှင့် အခြားအာဏာပိုင်အဖွဲ့အစည်းများသည် လေယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# Volkswagen ကားထုတ်လုပ်ရေးကုမ္ပဏီ အလုပ်အကိုင် ၁ သိန်းအထိ လျှော့ချရန် စီစဉ်

**ဘာလင် စက်တင်ဘာ ၇**

ကုန်ကျစရိတ် အကြီးအကျယ်လျှော့ချမည့် အစီအစဉ်တစ်ခုကို ကုမ္ပဏီ၏ ကြီးကြပ်ရေးဘုတ်အဖွဲ့က အတည်ပြုလိုက်ပြီဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် စီးပွားရေးအခက်အခဲများ ရင်ဆိုင်နေရသည့် ဂျာမနီကားထုတ်လုပ်ရေးကုမ္ပဏီ Volkswagen က ပြောကြားခဲ့သည်။

အဆိုပါ အစီအစဉ်အရ အလုပ်အကိုင်ပေါင်း ၁ သိန်းခန့် လျှော့ချရေးနှင့် ဂျာမနီနိုင်ငံအတွင်းရှိ စက်ရုံလေးရုံကို ပိတ်သိမ်းရေးတို့နှင့်ပတ်သက်၍ မည်သို့ ဆက်လက်ဆောင်ရွက်သွားမည်ကို ကုမ္ပဏီက ဆွေးနွေးလျက်ရှိသည်။ Volkswagen က ကုမ္ပဏီပြန်လည်ဖွဲ့စည်းရေးအစီအစဉ်ကို စက်တင်ဘာ ၃ ရက်က ကျင်းပခဲ့သည့် ကြီးကြပ်ရေးဘုတ်အဖွဲ့ အစည်းအဝေး၌ အတည်ပြုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ကုန်ကျစရိတ် လျှော့ချမည့် အစီအစဉ်အရ အလုပ်အကိုင်ပေါင်း ငါးသောင်းခန့်ကို ထပ်မံလျှော့ချသွားမည်ဖြစ်ပြီး အဆိုပါ အရေအတွက်တွင် စီမံခန့်ခွဲရေးရာထူးများလည်း ပါဝင်မည်ဖြစ်သည်။ ယခင်က ကြေညာထားပြီးဖြစ်သည့် အလုပ်အကိုင် ငါးသောင်းခန့် လျှော့ချမှုနှင့်ပေါင်းစပ်ပါက စုစုပေါင်း အလုပ်အကိုင် တစ်သိန်းခန့် လျှော့ချသွားမည်ဖြစ်သည်။ ဆွေးနွေးမှုတွင် ဂျာမနီနိုင်ငံရှိ Volkswagen စက်ရုံလေးရုံ၏ အနာဂတ်နှင့် ပတ်သက်သည့် အစီအစဉ်များလည်း ပါဝင်သည်။



Volkswagen ၏ ထုတ်လုပ်နိုင်စွမ်းမှာ ဥရောပဈေးကွက်၏ ဝယ်လိုအားထက် ကျော်လွန်နေပြီဖြစ်သော်လည်း အဆိုပါ စက်ရုံများတွင် ၂၀၃၀ ခုနှစ် နောက်ပိုင်း ဆက်လက်ထုတ်လုပ်နိုင်မည်လား ဆိုသည်မှာ မသေချာသေးကြောင်း ကုမ္ပဏီက ပြောကြားသည်။ Volkswagen သည် မကြာသေးမီ နှစ်များအတွင်း အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၂၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၏ ဝိုင်ထုတ်လုပ်မှု ၆ ရာခိုင်နှုန်း ကျဆင်းဖွယ်ရှိ

**ပါရီ စက်တင်ဘာ ၇**

၂၀၂၆ ခုနှစ်အတွင်း ပြင်သစ်နိုင်ငံ၏ ဝိုင်ထုတ်လုပ်မှုမှာ ဟက်တိုလီတာ ၃၄ သန်းနီးပါးရှိမည်ဟု ခန့်မှန်းထားပြီး ယင်းပမာဏမှာ ၂၀၂၅ ခုနှစ်ကထက် ၆ ရာခိုင်နှုန်းနှင့် ၂၀၂၁-၂၀၂၅ ခုနှစ် ပျမ်းမျှထုတ်လုပ်မှုထက် ၁၇ ရာခိုင်နှုန်းလျော့နည်းခြင်းဖြစ်ကြောင်း ပြင်သစ်စိုက်ပျိုးရေးဝန်ကြီးဌာနက စက်တင်ဘာ ၇ ရက်တွင် ထုတ်ပြန်သည့် ခန့်မှန်းချက်များအရ သိရသည်။

ယင်းသို့ လျော့နည်းရခြင်းမှာ နွေရာသီတွင် အထူးသဖြင့် မိုးခေါင်ခြင်းနှင့် အပူလှိုင်းကျရောက်ခြင်း စသည့်ရာသီဥတုအခြေအနေများကြောင့် စပျစ်စိုက်ပျိုးသည့် ဧရိယာလျော့နည်းခြင်းနှင့် အထွက်နှုန်း ကျဆင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်နွေရာသီ အပူလှိုင်းကျရောက်မှုကြောင့် ပြင်သစ်စီးပွားရေးကဏ္ဍတွင် ယူရို ၁၀ ဘီလီယံမှ ၁၅ ဘီလီယံအကြား (အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆ ဘီလီယံမှ ၁၇ ဒသမ ၅ ဘီလီယံအထိ) ဆုံးရှုံးနိုင်ကြောင်း ပြင်သစ်ဂေဟာစနစ် ကူးပြောင်းရေးဆိုင်ရာ ဝန်ကြီး မိုနိခ်ဘာဘတ်က ပြောကြားသည်။

**ဆင်ဟွာ**

# မူးယစ်ဆေးဝါးမှောင်ခိုကူးမှု ပူးတွဲတိုက်ဖျက်ရန် ကမ္ဘောဒီးယားနှင့် တောင်ကိုရီးယား လက်မှတ်ရေးထိုး

**ဖနောင်ပင် စက်တင်ဘာ ၇**

ကမ္ဘောဒီးယားနှင့် တောင်ကိုရီးယား နိုင်ငံတို့သည် ရေကြောင်းမှတစ်ဆင့် မူးယစ်ဆေးဝါးမှောင်ခိုကူးမှုကို ပူးတွဲတိုက်ဖျက်ရန် စက်တင်ဘာ ၇ ရက်တွင် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ကမ္ဘောဒီးယား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအာဏာပိုင်အဖွဲ့အတွင်းရေးမှူးချုပ် မက်စ်ဗီရစ်သ်နှင့် တောင်ကိုရီးယား ကမ်းခြေစောင့်တပ်ဖွဲ့ စုံစမ်းစစ်ဆေးရေးဗျူရို ညွှန်ကြားရေးမှူးတို့က အဆိုပါ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုကဲ့သို့ လုပ်ဆောင်မှုသည် ပင်လယ် ရေလမ်းကြောင်းမှတစ်ဆင့် မူးယစ်ဆေးဝါးမှောင်ခိုကူးသည့် ရာဇဝတ်အဖွဲ့များနှင့် ပတ်သက်၍ ထောက်လှမ်းရေးအချက်အလက်များကို တိုက်ရိုက်ဖလှယ်ခွင့်ရစေသည့်အတွက် အပြန်အလှန်ပံ့ပိုးကူညီမှုများ အားကောင်းလာစေမည်ဖြစ်ကြောင်း ဗီရစ်သ်က ပြောသည်။

ကမ္ဘောဒီးယား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးရဲတပ်ဖွဲ့၏ မကြာသေးမီက ထုတ်ပြန်ချက်အရ ယခုနှစ် ပထမရှစ်လအတွင်း နိုင်ငံခြားသား ၉၉၇ ဦးအပါအဝင် မူးယစ်ဆေးဝါး သံသယရှိသူ ၁၉၆၅ ဦးကို ဖမ်းဆီးခဲ့ပြီး မူးယစ်ဆေးဝါး ၂ ဒသမ ၆၅ တန်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# တူကီယဲက ကာကွယ်ရေးအသုံးစရိတ်ကို ၂၂၉ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲရန် စီစဉ်

**အန်ကာရာ စက်တင်ဘာ ၇**

တူကီယဲနိုင်ငံသည် လာမည့် သုံးနှစ်အတွင်း ကာကွယ်ရေး အသုံးစရိတ်ကို ၂၂၉ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲရန် စီစဉ်နေကြောင်း တူကီယဲဒုတိယသမ္မတ ယီလ်မက်ဇ်က စက်တင်ဘာ ၆ ရက်တွင် ပြောသည်။

၂၀၂၇ ခုနှစ်မှ ၂၀၂၉ ခုနှစ်အထိ ဆောင်ရွက်မည့် သုံးနှစ်တာ ကာလလတ်စီးပွားရေး စီမံကိန်း မိတ်ဆက် သတင်းစာရှင်းလင်းပွဲအတွင်း ၎င်းက ထိုကဲ့သို့ ထုတ်ဖော် ပြောကြားခဲ့ခြင်းဖြစ်သည်။ ကာကွယ်ရေးလုပ်ငန်းကဏ္ဍတွင် တူကီယဲနိုင်ငံအနေဖြင့် ကိုယ်ပိုင်နည်းပညာများကို ဖော်ထုတ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရည်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တူကီယဲနိုင်ငံ၏စစ်ရေးအသုံးစရိတ်သည် ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံအထိ ရှိခဲ့ကြောင်း စတော့ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေး သုတေသနအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# ဂျော်ဒန်ကြက်ခြေနီအဖွဲ့ ဂါဇာသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပို့ဆောင်

**အမ်မန် စက်တင်ဘာ ၇**

ဂျော်ဒန်ကြက်ခြေနီအဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသသို့လူသားချင်းစာနာထောက်ထားမှုအကူအညီများ သယ်ဆောင်သည့် ယာဉ်တန်းတစ်စင်းကို စက်တင်ဘာ ၇ ရက်တွင် ပို့ဆောင်ခဲ့ကြောင်း ပြောကြားသည်။

အဆိုပါယာဉ်တန်းသည် ဂျော်ဒန်နိုင်ငံမြို့တော် အမ်မန်မှထွက်ခွာခဲ့ပြီး အီဂျစ်နိုင်ငံရှိ ဆိပ်ကမ်းများနှင့် နယ်စပ်ဖြတ်သန်းရာနေရာများမှတစ်ဆင့် ဂါဇာသို့ ဦးတည်သွားနေကြောင်း ဂျော်ဒန်ကြက်ခြေနီအဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂျော်ဒန်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မိုဟာမက်ဟာဒစ် က အဆိုပါယာဉ်တန်းသည် ပါလက်စတိုင်းပြည်သူများအပေါ် ဂျော်ဒန်နိုင်ငံ၏ ဆက်လက်ပံ့ပိုးကူညီမှုနှင့် ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးပို့ရန် ကတိကဝတ်ရှိမှုကို ထင်ဟပ်ပြသခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ယာဉ်တန်းပို့ဆောင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို ကူညီဆောင်ရွက်ပေးခဲ့သည့် ဂျော်ဒန်အစိုးရအားလည်းကောင်း၊ ဂါဇာသို့ အကူအညီများပို့ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် အီဂျစ်အာဏာပိုင်များနှင့် ကြက်ခြေနီအဖွဲ့တို့အားလည်းကောင်း ဟာဒစ်က ချီးကျူးပြောဆိုခဲ့သည်။

**ဆင်ဟွာ**

# ယီမင်နိုင်ငံအနောက်ပိုင်း၌ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် လေးရက်အတွင်း ၁၁၇ ဦးထက်မနည်း သေဆုံး

**အေဒင် စက်တင်ဘာ ၇**

ယီမင်နိုင်ငံအနောက်ပိုင်း တာအစ်ဇ်ပြည်နယ်နှင့် ဟိုဒေးဒါပြည်နယ်တို့၌ အစိုးရတပ်ဖွဲ့များနှင့် ဟူသီအုပ်စုအကြား လေးရက်အတွင်း ပဋိပက္ခများကြောင့် လူ ၁၁၇ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက စက်တင်ဘာ ၆ ရက်တွင် ပြောကြားသည်။

ယီမင်နိုင်ငံ၌ စက်တင်ဘာ ၃ ရက် ပဋိပက္ခများဖြစ်ပွားချိန်တွင် အစိုးရတပ်ဖွဲ့ဝင် ၅၄ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်းနှင့် ယင်းကာလအတွင်း ဟူသီအဖွဲ့ဝင် ၆၃ ဦး သေဆုံးခဲ့ကြောင်း နှစ်ဖက် တာဝန်ရှိသူများက ပြောကြားသည်။

ဟူသီတို့က မြို့တော်ဆာနားနှင့် နိုင်ငံမြောက်ပိုင်းဒေသအများအပြားကို သိမ်းပိုက်ခဲ့သည့် ၂၀၁၄ ခုနှစ်နှောင်းပိုင်းမှစကာ ယီမင်နိုင်ငံသည် ပဋိပက္ခများအကြား နစ်မွန်းခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှား၌ ဈေးမီးလောင်မှုဖြစ်ပွားသဖြင့် ၁၁ ဦး သေဆုံး

**ဂျကာတာ စက်တင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ ဗဟိုပါပူအာ ပြည်နယ်၌ စက်တင်ဘာ ၇ ရက် အစောပိုင်းက ဈေးအတွင်း မီးလောင်မှု ဖြစ်ပွားသဖြင့် ကလေးခြောက်ဦး အပါအဝင် ၁၁ ဦး သေဆုံးကြောင်း ဒေသတွင်းရဲတပ်ဖွဲ့က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဗဟိုပါပူအာ ပြည်နယ်၌ ဒေသစံတော်ချိန် ညသန်းခေါင်ကျော် အချိန်က မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အနီးနားရှိ ဈေးဆိုင်များသို့ လျင်မြန်စွာ မီးကူးစက်ပျံ့နှံ့သဖြင့် အဆောက်အအုံ ၄၀ ခန့် ပျက်စီးခဲ့ကြောင်း၊ နံနက် ၃ နာရီ မိနစ် ၃၀ ဝန်းကျင်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ဗဟိုပါပူအာပြည်နယ် ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဟင်နရီမာနူရန်က ပြောကြားသည်။

မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# စာရေးဆရာအေးကြွယ်၏ သတင်းအချက်အလက်စစ်ပွဲ (၂၁ ရာစု၏ မမြင်ရသော စစ်မြေပြင်) စာအုပ်ထွက်ရှိလာ

ယနေ့ခေတ်တွင် စစ်ပွဲဟုဆိုလျှင် သေနတ်၊ ဗုံး၊ တင့်ကား၊ စစ်လေယာဉ်များကိုသာ လူအများ မြင်ယောင်တတ်ကြသော်လည်း ၂၁ ရာစု၌ စစ်ပွဲများ၏ သဘောသဘာဝသည် အခြေခံအားဖြင့် ပြောင်းလဲသွားပြီဖြစ်သည်။ ယနေ့အင်အားအကြီးဆုံးလက်နက်မှာ သံမဏိများမဟုတ်တော့ဘဲ သတင်းအချက်အလက် (Information) များသာ ဖြစ်လာသည်။ သတင်းတစ်ပုဒ်သည် ကျည်ဆံတစ်တောင့်ထက်၊ လူမှုကွန်ရက်ပေါ်ရှိ ဗီဒီယိုတိုတစ်ခုသည် ဗုံးကျည်တစ်စင်းထက် လူ့အဖွဲ့အစည်းကို ပိုမိုတုန်လှုပ်စေနိုင်သည့် ခေတ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ဤစာအုပ်တွင် သတင်းအချက်အလက်စစ်ပွဲ (Information Warfare) သည် လူတို့၏ ခန္ဓာကိုယ်ကို ထိခိုက်အောင်တိုက်ခိုက်ခြင်းမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာ၊ အတွေးအမြင်၊ ယုံကြည်ချက်၊ ဆုံးဖြတ်ချက်နှင့်အပြုအမူများကို ပြောင်းလဲစေရန် ရည်ရွယ်သည့် စစ်ပွဲများအကြောင်း ရှုထောင့်ပေါင်းစုံမှ သုံးသပ်တင်ပြထားသည်။

၂၁ ရာစု သတင်းအချက်အလက်စစ်ပွဲတွင် လက်နက်အသစ်များစွာ ပေါ်ပေါက်လာရာ လူမှုကွန်ရက်များ၊ AI နှင့် Deepfake ဗီဒီယိုများ၊ Bot Account များ၊ Troll Farm များ၊ Algorithm များနှင့် Big Data တို့သည် အဓိကလက်နက်များ ဖြစ်လာကြသည်။ ယင်းတို့ဖြင့် လူထုကို ကြောက်ရွံ့စေခြင်း၊ ဈေးကွက်ပျက်စေခြင်း၊ အမှန်ကို အမှားနှင့် ရောနှောကာ ခွဲခြား၍မရအောင် ဖန်တီးခြင်းတို့သည် သတင်းအချက်အလက်စစ်ပွဲ၏ အဓိက နည်းဗျူဟာများ ဖြစ်သည်ဟု စာရေးသူက ညွှန်းဆိုထားသည်။

Hashtag တစ်ခု၊ Viral Video တစ်ခု၊ Fake News တစ်ပုဒ်၊ AI ဖြင့် ဖန်တီးထားသော အသံတစ်ခု၊ Deepfake ဗီဒီယိုတစ်ခုတို့က လူတို့၏ ဒေါသ၊ ကြောက်ရွံ့မှု၊ အမုန်းတရား၊ မျှော်လင့်ချက်များကို အသုံးချ၍ ဇာတ်ကြောင်း (Narrative) များ တည်ဆောက်ကာ လူ့အဖွဲ့အစည်းကို အုပ်စုများ ကွဲထွက်စေပြီး အပြန်အလှန်ယုံကြည်မှု ပျက်ပြားစေသည်ကိုလည်း ထောက်ပြထားသည်။

သတင်းအချက်အလက်စစ်ပွဲ၏ အကြီးမားဆုံး အန္တရာယ်မှာ အဆောက်အအုံများကို ဖျက်ဆီးခြင်းထက် လူ့အဖွဲ့အစည်း၏ ယုံကြည်မှု (Trust) ကို ဖျက်ဆီးခြင်းဖြစ်သည်။ အချင်းချင်း သံသယဝင်လာကြပြီး မှန်ကန်သည့်ဆုံးဖြတ်ချက် ချမှတ်နိုင်စွမ်း လျော့နည်းလာကာ စီးပွားရေး၊ လုံခြုံရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတို့ပါ ထိခိုက်လာသည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံအတွက် သတင်းအချက်အလက်စစ်ပွဲသည် အနာဂတ်ပြဿနာမဟုတ်ဘဲ ယနေ့ကြုံတွေ့နေရသော အမှန်တကယ်စိန်ခေါ်မှု




ဖြစ်သည်။ ထို့ကြောင့် နည်းပညာစွမ်းရည် မြှင့်တင်ရုံသာမက ပြည်သူများ၏ မီဒီယာနှင့် ဒီဂျစ်တယ်သိနားလည်မှုကို မြှင့်တင်ရန်၊ Critical Thinking ကို ပညာရေးစနစ်တွင် ထည့်သွင်းသင်ကြားရန်၊ Deepfake၊ Fake News နှင့် Disinformation များကို ဖော်ထုတ်နိုင်သည့် နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ်များကို ကြိုတင်တည်ဆောက်ထားရန် လိုအပ်ကြောင်း စာအုပ်တွင် အလေးပေးရေးသားထားသည်ကို မြင်တွေ့ရသည်။

အရေးအကြီးဆုံးမှာ နိုင်ငံတစ်နိုင်ငံသည် မိမိ၏ Narrative ကို မိမိကိုယ်တိုင် မတည်ဆောက်နိုင်လျှင် အခြားသူများ၏ Narrative အောက်တွင် နေထိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ သမိုင်း၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားအကျိုးစီးပွားကို အခြေခံထားသော ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရေးသည် ၂၁ ရာစု၏ အရေးကြီးဆုံး မဟာဗျူဟာတစ်ရပ်ဖြစ်လာသည်ကို တွေ့မြင်ရကြောင်း စာရေးသူက ဖော်ထုတ်ထားသည်။

ဤစာအုပ်သည် ဒီဂျစ်တယ်စစ်မြေပြင်တွင် ဓားစာခံအဖြစ် အရှုံးမပေးလိုသူတိုင်း၊ မိမိတို့၏ အသိဉာဏ်နှင့် စိတ်ဝိညာဉ်ကို လွတ်လပ်စွာ ကိုယ်ပိုင်ထိန်းချုပ်လိုသူတိုင်း မလွဲမသွေဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

သတင်းအချက်အလက်စစ်ပွဲ (၂၁ ရာစု၏ မမြင်ရသော စစ်မြေပြင်) စာအုပ်မှာ ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် ထွက်ရှိလာခဲ့ပြီး နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်များ၊ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ပါကြောင်း။

**မြန်မာ့အလင်း**

## Fire Dragon International Futsal Cup 2026 ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**ရန်ကုန် စက်တင်ဘာ ၇**

Fire Dragon International Futsal Cup 2026 ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အုပ်စု (A)ပွဲစဉ်များတွင် အင်ဒိုနီးရှားကလပ် Black Steel Papua FC အသင်းက မြန်မာကလပ် TG United အသင်းကို လေးဂိုး –ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို Black Steel Papua FC အသင်းမှ ပရမ်ဘူဒီဝီဘိုဝိုက ရရှိခဲ့သည်။ အုပ်စု(A) အခြားပွဲစဉ်တစ်ခုတွင် ကမ္ဘောဒီးယားကလပ် Lucky FC အသင်းက မြန်မာကလပ် YCDC Dream Team အသင်းကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို Lucky FC မှ ဗီရွန်လက်ခ်က ရရှိခဲ့သည်။ အုပ်စု (B) ပွဲစဉ်များတွင် ထိုင်းကလပ် Black Pearl Academy အသင်းက မြန်မာကလပ် M2K အသင်းကို လေးဂိုး – သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲစဉ်အကောင်းဆုံး ကစားသမားဆုကို Black pearl Academy မှ ဆာရစ်က ရရှိခဲ့သည်။ ထို့ပြင် MIU FC နှင့် YRG FC တို့၏ ပွဲစဉ်တွင် MIU FC အသင်းက လေးဂိုး – နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲစဉ်အကောင်းဆုံး ကစားသမားဆုကို MIU FC အသင်းမှ စိုင်းပြုံးအောင်က ရရှိခဲ့သည်။

စက်တင်ဘာ ၈ ရက် ပွဲစဉ်များအဖြစ် နံနက် ၁၀ နာရီတွင် YCDC Dream Team နှင့် Black Steel Papua FC ၊ ၁၂ နာရီခွဲတွင် Lucky FC နှင့် TG United FC ၊၊ ညနေ ၃ နာရီတွင် YRG FC နှင့် Blackpearl Academy၊ ညနေ ၅ နာရီခွဲတွင် MIU FC နှင့် M2K FC တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–MFF**



## (၇-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၇၀၄,၈၈၈.၃၆ | ၁,၁၃၈,၃၁၃.၄၀ | ၇၁,၇၉၈,၃၄၉.၈၈ | – |

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“ဘာသာတရားနဲ့ ရဟန်းသံဃာတော်တွေကို ခုတုံးလုပ်သွေးခွဲသတ်ဖြတ်နေကြတဲ့ အကြမ်းဖက် PDF များ ”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် **“တော်လှန်ရေးအကြောင်းပြ လက်နက်ကိုင်ခြိမ်းခြောက်၍ အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်များအား ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ငွေညှစ်၊ လုယက်သတ်ဖြတ်နေသည့် အကြမ်းဖက် PDF များ ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့နယ်၌ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၇**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေ တစ်လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်လက်မခန့် ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## သုံးခွမြို့နယ်၌ ၂၀၂၆ ခုနှစ် အရန်သားဖွားသင်တန်းဖွင့်လှစ်

**သုံးခွ စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ၂၀၂၆ခုနှစ် အရန်သားဖွားသင်တန်းဖွင့်ပွဲအခမ်းအနားကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့်ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် စာတွေ့၊ လက်တွေ့ ခြောက်လကြာမြင့်မည်ဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ သင်တန်းသူ ၂၂ ဦးတက်ရောက်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

ပညာ မြင့်မှ လူမျိုး တင့်မည်

# လေးမျက်နှာဟု ခေါ်ပါသည် (၂)

မြင့်စိုး(နတလ)

**လေးမျက်နှာ(၁)**

သည်ခေါင်းစဉ်ဖြင့် ကျွန်တော်ဆောင်းပါးရေးခဲ့ဖူးပြီးဖြစ်၍ (၁) နှင့် (၂) ခွဲလိုက်ခြင်း ဖြစ်ပါသည်။ ရေးခဲ့ပြီးသော လေးမျက်နှာဟုခေါ်ပါသည်(၁) တွင်မူ လေးမျက်နှာဇာတိဖွား အကျော်ဒေးယျရဟန်းသံဃာနှင့် လူပုဂ္ဂိုလ်များအကြောင်းကို အများသိစေလို၍ တစ်နည်းဆိုရသော် လက်ဝါးသာသာ မြို့သေးသေးလေးမှာ ဒီလိုထင်ရှားကျော်ကြားသူတွေ ပေါ်ထွန်းခဲ့ကြောင်း ကြွားလို၍ ရေးသားတင်ပြလိုက်ခြင်းဖြစ်ပါသည်။

အနီဆောင်းပါးထဲတွင် ဘိုးတော်ဘုရားနှင့် မိဖုရားခေါင်ကြီးတို့ ကိုးကွယ်ခဲ့ကြသော ပထမထွတ်ခေါင်ဆရာတော်ကြီး၊ ဘကြီးတော်မင်း၏ မိဖုရားကြီးကိုးကွယ်တော်မူသည့် ဒုတိယထွတ်ခေါင်ဆရာတော်ကြီး၊ ရွှေဟင်္သာဆရာတော်ကြီး၊ အောင်ဆန်းဆရာတော်ကြီးတို့သည် လည်းကောင်း၊ နိုင်ငံရေးလောကတွင် နယ်ချဲ့အင်္ဂလိပ်တို့ကို ရဲရဲတောက် ဆန့်ကျင်ခဲ့သည့် သခင်ပညာလောကဆရာတော်သည်လည်းကောင်း လေးမျက်နှာဇာတိဖွားများဖြစ်ကြ၏။

ထို့ပြင် တဝစာပေလောကတွင် ကျောက်စာဝန် ဦးမြနှင့် ကဗျာဆရာကြီး စောရန်နောင်တို့သည် လည်းကောင်း၊ အနုပညာလောက၏ သဘင်၊ ရုပ်ရှင်နှင့် ဂီတတို့မှ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ မင်းသမီးကြီး ဒေါ်ကြည်ကြည်ငွေနှင့် အောက်ချင်းဖို အောက်ချင်းမဇာတ်ကို အတူကခဲ့ကြသည့် ဇာတ်မင်းသားကြီး ဦးဘသော်၊ အကယ်ဒမီ မေ့(စ်)၊ ဂီတစာဆို အလင်္ကာကျော်စွာ ဟင်္သာတဦးမြင့်ငွေ၊ စန္ဒရားလူမော်တို့သည်လည်းကောင်း၊ အားကစားလောကတွင် မြန်မာ့လက်ရွေးစင်သာမက အာရှလက်ရွေးစင်ဖြစ်ခဲ့သည့် ဘောလုံးသမား ဦးလှငွေး၊ ဆပ်ကပ်ဒီပလိုမာတွဲ့ကို ရုရှားနိုင်ငံတွင် ရယူခဲ့သည့် ဆိုဗီယက်ပြန် အာဇာနည်စန်းစန်း၊ မာရာဟာလင်ပြိုင်ပွဲဝင်ဘောလုံးသမား ကိုအောင်စံဖြိုး၊ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း၏ ဂိုးသမား မေခင်ယမင်းတို့သည်လည်းကောင်း ထူးချွန်ထင်ရှားသည့် လေးမျက်နှာဇာတိဖွားများဖြစ်ကြသည်။

**တစ်ခါက လေးမျက်နှာဆိုသည်မှာ**

လေးမျက်နှာမြို့ဟောင်းလေးသည် ဧဝန်မြစ်၏ အနောက်ဘက်ကမ်းနဖူးတွင် ခုံကြီးရပ်ကွက်၊ မြို့မရပ်ကွက်၊ အညာတန်းရပ်ကွက်၊ ဈေးကလေးရပ်ကွက်၊ ခတ္တာရပ်ကွက် စသည်တို့ဖြင့် အေးအေးချမ်းချမ်း သာသာယာယာရှိခဲ့ဖူးသည်။ ၉ တန်းနှင့် ၁၀ တန်းကို ခုံကြီးပိုင်း (ပရဟိတဂေဟာ)မှ ခတ္တာပိုင်းရှိ အခြေခံပညာအထက်တန်းကျောင်းသို့ နေ့စဉ်လမ်းလျှောက်ရင်း တက်ခဲ့ဖူးသည့် အရသာကို ယနေ့တိုင်မမေ့နိုင်ခဲ့။ သာသာယာယာဟု ဝိဂြိုဟ်ပြုလိုက်ရသော်ငြားလည်း ထိုစဉ်ကာလ လေးမျက်နှာမြို့ဟောင်းလေးမှာ ကားတစ်စီးမျှ မရှိသလို ကားလမ်းလည်း မရှိပါ။ မြစ်ရိုးအတိုင်း ရှည်ရှည်မျောမျော လမ်းလေးမှာ စက်ဘီး၊ ဆိုက်ကားများကိုသာ တွေ့မြင်နိုင်သည်။ အများစုမှာ ကိုယ်လိုရာခရီးသို့ ခြေကျင်ကြိတ်သူများ ဖြစ်ကြ၏။



လေးမျက်နှာမြို့ဟောင်းတွင် တည်ရှိနေသော စတုမုခထူပါရုံစေတီတော်မြတ်ကြီး။

ဧဝန်မြစ်ထဲမှာတော့ မော်တော်ဘုတ်သံလေးတွေကို တဖုတ်ဖုတ်ကြားနေရသည်။ ကားစီးပြီး ဟင်္သာတမြို့ကို သွားလိုပါမူ ဧဝန်မြစ်တွင်းမှ မော်တော်ဘုတ်ကိုစီး၍ စုန်ဆင်းသွားပြီး အိုင်သပြုကျေးရွာတွင် ဂိတ်ထိုးထားသော စိန်ဝေလျှံ၊ ဝတစ်လုံးချက်ဗလက်ကားကြီးများကို စီးရသည်။ ရန်ကုန်ကို ခရီးဆက်လိုပါမူ ဟင်္သာတ ရွှေပြောင်ပြောင်ဆိပ်ကမ်း၊ ဆယ်ပြားတံတားဆိပ်မှတစ်ဆင့် ခေါင်းဆေးကျွန်းကြီးကို နေပူပူမှာ ဖြတ်လျှောက်ပြီး ကူးတို့သင်္ဘောဖြင့် သာရဝေါဘူတာသို့ လိုက်ပါကာ သာရဝေါ- ရန်ကုန်ရထားကို စီးရပါသည်။ ဆိုရပါမူ ထိုစဉ်က လေးမျက်နှာမြို့လေးသည် အနောက်ဘက်ခြမ်းတွင် ပုသိမ် - မုံရွာလမ်းကြီး မရှိသေး၊ ဧဝန်မြစ်ကူးတံတားကြီး ပေါ်ထွန်းမလာသေး၊ လေးမျက်နှာနှင့် ဟင်္သာတတိုက်ရိုက်ကားလမ်းလည်းမရှိသေး၊ လမ်းဆုံမဟုတ်သော လမ်းဆုံးမြို့လေးသာဖြစ်၏။

အနောက်ဘက်ယွန်းယွန်းသို့ ဆက်သွားလျှင် ကျွန်တော့်ဇာတိ စိန်တောင်၊ လှော်ကထား အပါအဝင် အနောက်ရိုးမတောင်ခြေက ရွာလေးများဆီသို့သာ ရောက်သွားနိုင်သည်။ ထိုစဉ်ကာလက လေးမျက်နှာဟု ပြောလိုက်လျှင် မကြားဖူးကြပါ။ ဟင်္သာတလေးမျက်နှာ၊ သိုင်းချောင်းလေးမျက်နှာဟု တွဲပြောတွဲခေါ်မှ သိကြ၏၊ ကြားဖူးကြ၏။ ဤကား လေးမျက်နှာ၏ ဝိသေသများပါပေတည်း။ မြို့ဟောင်းဘက်မှာ အထင်ရှားဆုံးကတော့ အနော်ရထာမင်းကြီးတည်ထားခဲ့သည့် စတုမုခထူပါရုံစေတီတော်မြတ်ကြီး တည်ရှိနေခြင်းဖြစ်၏။

**ယနေ့လေးမျက်နှာ (သို့မဟုတ်) မြို့သစ်**

၁၉၉၁ ခုနှစ် လေးမျက်နှာမြို့နယ်အတွင်းရှိ ထိန်ငူတာ ကျိုးပေါက်ခဲ့မှုနှင့်အတူ ဧဝန်မြစ်ရေကြောင်းပြောင်းလဲမှုများ၊ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုများကို ကြုံလာကြရသည်။ ၁၉၉၃ ခုနှစ်တွင်မူ မြို့မရပ်ကွက် ဗိုလ်အောင်ဖေ၏ ရုပ်ရှင်ရုံ နေရာလောက်ဆီမှ မြစ်ကျိုးပေါက်ကြီး ဖြစ်သွားပြီး မြို့လည်း နှစ်ပိုင်းပြတ်ကာ အရေးပေါ်အခြေအနေ ကြေညာ၍ လေးမျက်နှာမြို့ဟောင်းကို ဧဝန်မြစ်အရှေ့ဘက်ကမ်း ယခုမြို့သစ်နေရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

အနောက်ဘက်ကမ်းတွင် ခုံကြီးပိုင်းရပ်ကွက်နှင့် ခတ္တာရပ်ကွက်တို့ ကျေးရွာအဖြစ် ကျန်ရှိခဲ့ပြီး မြို့သိမ်းသွင်းမှုတွင် မပါဝင်လာတော့ဘဲ လေးမျက်နှာမြို့သစ်ကို သခွတ်ချောင်းကျေးရွာအုပ်စု ထိန်ချောင်းကျေးရွာ၊ မြစ်ကျိုးကျေးရွာတို့ကိုပါ ထည့်သွင်းဖွဲ့စည်းခဲ့သည်။ မြို့သစ်ပေါ်ပေါက်လာပြီးမှ ဟင်္သာတမှတစ်ဆင့် ရန်ကုန်သို့ ကားများပြေးဆွဲခဲ့ကြသည်။ ဧဝန်မြစ်ကူးတံတားကြီး တည်ဆောက်ပေးပြီးနောက် ပုသိမ် - မုံရွာလမ်းနှင့် ချိတ်ဆက်နိုင်ခဲ့သည်။ လေးမျက်နှာမြို့သစ်ကို ရပ်ကွက်ငါးခုဖြင့် ဖွဲ့စည်းခဲ့ပြီး မြို့နယ်အနေဖြင့်မူ ကျေးရွာအုပ်စု ၄၃ အုပ်စုဖြင့် ဝန်းရံထားပြီး အိမ်ခြေ ၂၆၇၃၁၊ အိမ်ထောင်စု ၂၇၉၄၀၊ လူဦးရေ ၁၀၉၈၀၂ ဦးရှိပါသည်။

**ရေဘေးသင့်လေးမျက်နှာ**

၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် လေးမျက်နှာမြို့ကို ဝိုင်းပတ်ကာရံထားသော ဧဝန်တာအောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေစိမ့်ဝင်မှု စတင်ဖြစ်ပေါ်ခဲ့သည်။ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံရပ်ကွက်နေသူများ၊ လုပ်အားပေးသူများ ဝိုင်းဝန်း၍ ထူးပေါက်ပိတ်နိုင်ရေး ကြိုးစားဆောင်ရွက်ခဲ့ကြသည်။ မမြင်နိုင်သော တာအောက်ခြေသဲကြောမှ လှိုက်စားလာသော ထူးပေါက်ဖြစ်၍ ဝိုင်းဝန်းပိတ်ဆို့နေသည့်ကြားမှ တဖြည်းဖြည်း ကျယ်လာသောကြောင့် ည ၁၀ နာရီခွဲခန့်တွင် ပိတ်ဆို့ခြင်းလုပ်ငန်းများ လက်လျှော့ခဲ့ရကာ ဇူလိုင်လ ၃၁ ရက်နေ့မှစပြီး နီးစပ်ရာကျေးရွာ ရပ်ကွက်များသို့ ရေဝင်နစ်မြုပ်မှု ဖြစ်ပေါ်ခဲ့ရသည်။

တာကျိုးပေါက်မှုမှာလည်း စွန့်ပစ်တာနှင့် ပန်းတာနှစ်နေရာလုံးတွင် ပေ ၃၀ မှ ပေ ၅၀၊ ပေ ၅၀ မှ ယခုအခြေအနေ ပေ ၂၅၀ ကျော်အထိ ကျိုးပေါက်သွားခဲ့သည်။ ရေစတင်နစ်မြုပ်ချိန်မှစ၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်လာရောက်ကွပ်ကဲပြီး မီးသတ်တပ်ဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၏ အကူအညီဖြင့် ရေဘေးသင့်ပြည်သူများကို ဘေးလွတ်ရာစခန်းများသို့ ရွှေ့ပြောင်းပေးခဲ့သည်။ တစ်ဖက်တွင်လည်း တာကျိုးပေါက်ပိတ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးလာရောက်အခြေပြု ကွပ်ကဲဆောင်ရွက်ခဲ့သည်။ ယင်းကဲ့သို့ ပိတ်ဆို့ ကာကွယ်တားဆီးရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်မှာပင် မြစ်ကျိုးပေါက် ပိုကျယ်လာသောကြောင့် နည်းလမ်းရှာဖွေဆောင်ရွက်ခဲ့ရသည်။

**နိုင်ငံတော်သမ္မတ လာရောက်ကြည့်ရှုလမ်းညွှန်**

ကျွန်တော်နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် အတွေ့အကြုံအရ ဖြူးချောင်းရေလှောင်တမံ ကျိုးပေါက်ပြီး ဖြူးရေလျှံခြင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း ၁၆၄ မိုင်တိုင်အနီး တံတားကျိုးခြင်း ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ချိန်မှာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဘဝဖြင့် အချိန်နှင့်တစ်ပြေးညီ သွားရောက်ကြည့်ရှုလမ်းညွှန်ခဲ့သည်ကို တွေ့ရသည်။

အလားတူ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ ရခိုင်ဒေသ မိုခါမုန်တိုင်းဝင်ရောက်ချိန်တွင် လည်းကောင်း၊ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့ မန္တလေးအင်အားပြင်းငလျင်ကြီး လှုပ်ခတ်စဉ်၌လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌအနေဖြင့် အစောဆုံး လိုက်လံကြည့်ရှုလမ်းညွှန်ခဲ့သည်။ ယခု သဘာဝဘေးဖြစ်စဉ် စတင်ဖြစ်ပွားခဲ့သည့် လေးမျက်နှာမြို့နယ်သို့လည်း ဩဂုတ်လ ၉ ရက်နေ့တွင်ရောက်ရှိကာ ရေကာတာကျိုးပေါက်မှုအား အချိန်မီ ပိတ်ဆို့ကာကွယ်နိုင်ရေး၊ ကူညီကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာလုပ်ငန်းများကို လမ်းညွှန်မှာကြားခဲ့သည်။

တာကျိုးပေါက်ပိတ်ဆို့ခြင်း လုပ်ငန်းကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနကပါ ပူးပေါင်းပါဝင်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လမ်းတံတားဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံလုပ်သားများက အင်နှင့်အားနှင့် နေ့ဆိုင်းညဆိုင်းခွဲကာ စက်ယန္တရားကြီးများဖြင့် Steel sheet pile ရိုက်ခြင်း၊ Geo Bag အိတ်ကြီးများနှင့် သဲအိတ်များ ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**လေးမျက်နှာမြို့နယ် ရေနစ်မြုပ်မှုအခြေအနေ**

ဇူလိုင်လ ၃၁ ရက်နေ့မှ ဩဂုတ်လ ၁၆ ရက်နေ့ထိ ရေကြီးနစ်မြုပ်မှုအခြေအနေမှာ မြို့ပေါ်ရပ်ကွက်ငါးခု၊ ကျေးရွာအုပ်စု ၁၉ အုပ်စုမှ ကျေးရွာပေါင်း ၁၂၄ ရွာ၊ အိမ်ထောင်စု ၁၀၈၀၅ စု၊ လူဦးရေ ၃၉၁၈၆ ဦး၊ စပါးစိုက်ဧက ၂၂၄၂၀၊ ပီလောပီနံ ၂၇၆၅ ဧကတို့ ရေနစ်မြုပ်မှုဒဏ်ခံခဲ့ရပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းပေါင်း ၄၃ ကျောင်း ခေတ္တပိတ်ထားရကာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၂၁၆ ဦး ကျောင်းတက်ပျက်ကွက်ခဲ့သည်။ ကျွန်တော်တို့ ပြည်သူ့၊ အမျိုးသား၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏လမ်းညွှန်မှုကိုခံယူ၍ ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ခဲ့သည်။ လှူဒါန်းမှုများ ပြုခဲ့သည်။

မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ဘိသလွန်၊ ခတ္တာရှိ ရေဘေးသင့်စခန်းများ၊ သခွတ်ချောင်း၊ ဝဲဒေါင့်၊ ကွမ်းခြံကုန်းကျေးရွာများ၊ ခမောက်စုဘက်မှ ရေဘေးရှောင်စခန်းများ၊ အိုင်သပြုပေါက်ကုန်းရွာနှင့် ကားဂိတ်၊ ပရဟိတကျောင်းရပ်ကွက်များ၊ သိမ်ကုန်း၊ ညောင်ဝိုင်း၊ ဒေါင့်ကြီးကျေးရွာများရှိ ရေဘေးသင့်ပြည်သူများထံ သွားရောက်တွေ့ဆုံ၍ အားပေးစကားများပြောကြားခြင်း၊ မြစ်ကျိုးပေါက်ပိတ်ဆို့မှု အခြေအနေများ ရှင်းလင်းခြင်း၊ ရေကျသွားလျှင် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြိုတင်ရှင်းလင်းမှာကြားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ လေးမျက်နှာရေဘေးသင့်ပြည်သူများအား လာရောက်ကူညီလှူဒါန်းခဲ့ကြသည့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်များ၊ ပရဟိတအဖွဲ့များ၊ အနုပညာရှင်များအားလုံးကိုလည်း အထူးပင်ကျေးဇူးဥပကာရတင်ရှိရပါသည်။

**လေးမျက်နှာမြို့ကို ခွဲခြမ်းစိတ်ဖြာခြင်း**

လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးသည့်အခါတိုင်း ကျွန်တော်မေးရသည့် မေးခွန်းတစ်ခုမှာ တိုက်ပွဲ

စာမျက်နှာ ၁၇ သို့

◆ **အကျော်ဒေးယျဆရာတော်ကြီးများ၊ နိုင်ငံကျော်ပုဂ္ဂိုလ်ကြီးများမွေးဖွားရာ လေးမျက်နှာဒေသ၊ ဧရာဝတီတိုင်းဒေသကြီး၏ ၁၉၄၈ - ၄၉ မှသည် ၁၉၇၂ ထိ ဗကပဖြတ်လေးဖြတ် စစ်ဆင်ရေးကြီးများနှင့် ကြုံခဲ့သော လေးမျက်နှာဒေသ၊ သဘာဝဘေးအမျိုးမျိုးကို ကြံ့ကြံ့ခံရင်ဆိုင်တွန်းလှန်ခဲ့သော လေးမျက်နှာဒေသသည် လတ်တလောကာလတွင် ယာယီနေရပ်စွန့်ခွာရ၊ သဘာဝရေဘေးကို မလွှဲမရှောင်သာ ရင်ဆိုင်နေရသော အခြေအနေဖြစ်ပါသည်။ သို့သော် ကျွန်တော်အလေးအနက် ယုံကြည်ထားသည်မှာ ယခုရင်ဆိုင်နေရသော ဘေးအန္တရာယ်နှစ်မျိုးသည် အချိန်ကာလတစ်ခုအတွင်း၌ ကင်းစင်လွင့်ပျောက်သွားမည်ဟူ၍ပင်**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏



စစ်လက်နက် ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**

## ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်း



မြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ကျုံပျော်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၇ လက်မခန့်သာ ကျန်ရှိသဖြင့် ၁ ပေ ၆ လက်မခန့် ကျဆင်းသွားကြောင်း၊ ရေကြည်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၆ လက်မခန့်သာ ကျန်ရှိသဖြင့် ၄ ပေ ၈ လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငသိုင်းချောင်းမြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၇ လက်မခန့်သာ ကျန်ရှိသဖြင့် ၃ ပေ ၂ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

**လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်**

**နေပြည်တော် စက်တင်ဘာ ၇** – မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

---

*စာမျက်နှာ ၁၆ မှ*

ရှောင်လား၊ ရေရှောင်လားဟူ၍ ဖြစ်ပါသည်။ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အဖွဲ့များ ၂၀၂၅ ခုနှစ် မတ်လ ၁၆ ရက်နေ့ ဝင်ရောက်လာချိန်မှစ၍ လေးမျက်နှာမြို့နယ် အနောက်ဘက်ခြမ်း ၁၉ အုပ်စုတွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရသည်။ ထိုဒေသများရှိ ဒေသခံပြည်သူများ အရှေ့ခြမ်းဒေသများသို့ ယာယီတိုက်ပွဲရှောင်ခဲ့ကြရသည်။ ကျောင်းတွေပိတ်၊ ဆေးရုံဆေးခန်းတွေပိတ်၊ စိုက်ပျိုးရေးလုပ်ငန်းအားလုံးရပ်ဆိုင်းကာ ပုသိမ် – မုံရွာ ကားလမ်းမကြီးကိုလည်း အသုံးမပြုနိုင်တော့ပေ။

အနောက်ဘက်ခြမ်းမှာ မတည်ငြိမ်၍ ယာယီတိုက်ပွဲရှောင်လာကြသော ၁၉ အုပ်စု ပြည်သူအချို့အနေဖြင့် ရေဘေးထပ်သင့်မှုနှင့် ထပ်မံကြုံတွေ့ပြီး ဒုက္ခနှစ်မျိုးခံစားခဲ့ကြရကာ တိုက်ပွဲရှောင်၊ ရေရှောင်ပြည်သူများ ဖြစ်ကုန်ကြတော့သည်။ သို့သော် အနောက်ဘက်ခြမ်း ၁၉ အုပ်စုအနက် အချို့ကျေးရွာများတွင် တည်ငြိမ်အေးချမ်းမှု အတန်အသင့်ပြန်ရနေပြီဖြစ်၍ ဒေသခံပြည်သူများကို လွန်ခဲ့သည့် သုံးလခန့်မှစတင်ကာ သက်ဆိုင်ရာက နေရပ်ပြန်ခွင့်ပြုခဲ့သည်။ စိုက်ပျိုးရေးလုပ်ငန်းများကား တွင်တွင်ကျယ်ကျယ် မစနိုင်သေး။ သို့သော် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအတွက် မျှော်လင့်ချက်ရောင်ခြည်များ သန်းလာခဲ့သည်။

ပြီးခဲ့သည့် လဆန်းပိုင်းရက်တစ်ရက်တွင် ရွာကရွာသားတစ်ဦး ဖုန်းဆက်လာသည်။ အနောက်ဘက်ခြမ်းမှ ကျောင်းအုပ်ကြီး ခုနစ်ဦး ပုသိမ်တွင် အစည်းအဝေးတက်ရမည်။ မကြာမီ ကျောင်းတွေဖွင့်တော့မည်ဟု သတင်းစကားကြားရကြောင်း သူကပြောလာ၏။ အဆိုးထဲမှ အကောင်းအဖြစ် မှတ်ယူ၍ ကျွန်တော်အလွန်ဝမ်းသာမိပါသည်။ ကျောင်းတွေမဖွင့်မီ ကျွန်တော်အရင်ရောက်သင့်သည်ဟု ယူဆမိ၍ လေးမျက်နှာရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို ခေတ္တထားခဲ့ကာ ပြီးခဲ့သည့် ဩဂုတ်လ ၇ ရက်နေ့တွင် စက်လှေဖြင့် ထွက်ခွာ၍ အထက လှော်ကထား၊ အမကစိန်တောင်၊ အမကအောက်စု၊ အမကမိုးကုတ်၊ အမကအင်းလွတ်၊ အမကကရင်ဆယ်ကျောင်းများသို့ သွားရောက်ခဲ့သည်။ ကျောင်းသားမိဘများကလည်း တက်ကြွကြသည်။

ကျောင်းသန့်ရှင်းရေးလုပ်ငန်းများကို တပျော်တပါး ဆောင်ရွက်ပေးကြသည်။ အထကကွမ်းခြံကုန်း(အနောက်)ကိုမူ မရောက်ခဲ့ပါ။ တွေ့ဆုံခဲ့ရသည့် ဆရာ၊ မိဘ၊ ကျောင်းသား ကျောင်းသူများကို အားပေးစကားများ ပြောကြားကာ အထက(၂)ကျောင်းကို ငွေကျပ်ငါးသိန်းစီ၊ အမက(၅)ကျောင်းကို ငွေကျပ်သုံးသိန်းစီ စုစုပေါင်း ငွေကျပ်၂၅ သိန်း လှူခဲ့သည်။ ကျွန်တော်ရောက်သွားသည့်နေ့မှာပင် အောက်စု၊ မိုးကုတ်နှင့် အင်းလွတ်ကျောင်းများက ကျောင်းအပ်လက်ခံနေသည်ကို တွေ့ရ၏။

နောက်ထပ် ဝမ်းသာစရာသတင်းတစ်ခုကမူ လှော်ကထားတိုက်နယ်ဆေးရုံကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခြင်းဖြစ်သည်။ ဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦးနှင့် ဆေးဝါးများကို တိုင်းဒေသကြီးနှင့် မြို့နယ်ကျန်းမာရေးဌာနများက စီစဉ်ပေးသည်။ ၎င်းတို့ကို စက်လှေလေးစင်းဖြင့် ဩဂုတ်လ ၁၅ ရက်နေ့တွင် ကျွန်တော်ပို့ဆောင်ပေးခဲ့သည်။ ဩဂုတ်လ ၁၆ ရက်နေ့တွင် ဆေးရုံဖွင့်လှစ်ပြီဖြစ်ကြောင်း သတင်းစကားကြားရ၍ ဝမ်းသာသည်။

### လေးမျက်နှာ ပြန်လည်နိုးထရမည်

အကျော်ဒေးယျဆရာတော်ကြီးများ၊ နိုင်ငံကျော်ပုဂ္ဂိုလ်ကြီးများမွေးဖွားရာ လေးမျက်နှာဒေသ၊ ရောဝတီတိုင်းဒေသကြီး၏ ၁၉၆၈ – ၆၉ မှသည် ၁၉၇၂ ထိ ဗကပဖြတ်လေးဖြတ် စစ်ဆင်ရေးကြီးများနှင့် ကြုံခဲ့သော လေးမျက်နှာဒေသ၊ သဘာဝဘေးအမျိုးမျိုးကို ကြံ့ကြံ့ခံရင်ဆိုင်တွန်းလှန်ခဲ့သော လေးမျက်နှာဒေသသည် လတ်တလောကာလတွင် ယာယီနေရပ်စွန့်ခွာရ၊ သဘာဝရေဘေးကို မလွှဲမရှောင်သာ ရင်ဆိုင်နေရသော အခြေအနေဖြစ်ပါသည်။ သို့သော် ကျွန်တော်အလေးအနက်ယုံကြည်ထားသည်မှာ ယခုရင်ဆိုင်နေရသော ဘေးအန္တရာယ်နှစ်မျိုးသည် အချိန်ကာလတစ်ခုအတွင်း၌ ကင်းစင်လွင့်ပျောက်သွားမည်ဟူ၍ပင်။ ယုံကြည်ချက်ရှိဖို့လိုသည်။ ခံယူချက်ကောင်းမွန်ဖို့လိုသည်။ လက်တွဲညီဖို့လိုသည်။ ဖြစ်အောင်လည်းကြိုးစားသွားပါမည်။ တစ်ချိန်မှာ ကျွန်တော် ကြွေးကြော်ခွင့်ရပါလိမ့်မည်။ ထို့ကြောင့် ဤအရာကို လေးမျက်နှာဟု ခေါ်ပါသည် ဟူ၍.........။ ။

## သာစည်မြို့နယ်၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**သာစည် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တောင်ပေါ်ဒေသ မြင်းဒိုက်ကျေးလက် ကျန်းမာရေးဌာနခွဲ၌ စက်တင်ဘာ ၄ ရက်တွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ RISO ဒေါက်တာရောထက်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာ စိုင်းဇေယျာမျိုးဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အဆိုပါကျေးရွာအုပ်စုရှိ ကျေးရွာများနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ကျေးလက်နေပြည်သူများ၏ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသက် ၁၈ နှစ်နှင့် အထက်ရှိသူ ၂၄၃ ဦးတို့အား ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်း ထိုးနှံပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**





(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းထွန်းမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် လေးကျွန်းစကြာရှင်မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ စက်တင်ဘာ ၆ ရက်က ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အေးမဥ္စူ

## လယ်ဝေးမြို့နယ်၌ နေပြည်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောအသင်း တွေ့ဆုံပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

နေပြည်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောအသင်းတွေ့ဆုံပွဲကို ယမန်နေ့နံနက်ပိုင်းက လယ်ဝေးမြို့ စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပရာ



နေပြည်တော်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွေ ပါမောက္ခချုပ်(ငြိမ်း) မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် အသင်းဝင်များတက်ရောက်ကြပြီး မြေဆီလွှာဖွံ့ဖြိုးရေး၊ ဇီဝမီးသွေး(ဘိုင်အိုချာ)နှင့် စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး အသိပညာများ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ရှေ့လုပ်ငန်းစဉ်များကို ဒေါက်တာသန္တာကြည် (စိုက်ပျိုးရေးစီမံကိန်းညွှန်ချုပ် -ငြိမ်း)၊ ဒေါက်တာအောင်ကြည်ဝင်း (စိုက်သုညွှန်ချုပ်-ငြိမ်း)၊ ဒေါက်တာမျိုးကြွယ် ပါမောက္ခချုပ်(ငြိမ်း) စိုက်ပျိုးရေးတက္ကသိုလ်နှင့် အငြိမ်းစားပညာရှင်များက ဆွေးနွေးသည်။

ထို့နောက် အသင်းဝင် ဦးဝင်းအောင်(စံဖွံ့ဖြိုးသစ်အချောထည်စက်ရုံ)မှ အသင်းဝင်များက ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပုဇွန်တောင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးကျော်စွာဝင့်က ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌက အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၂ ရက်ထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်စုယဉ်**

## ကော့သောင်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ကော့သောင်း စက်တင်ဘာ ၇**

ကော့သောင်းမြို့၌မြို့နယ်မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် ဖွင့်ပွဲကို ယနေ့နံနက်က ခရိုင်/မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်က လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာနှင့် အကြင်နာ တည်းဟူသော နာ(၅)နာဖြင့် ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေး၏ အရန်အင်အားစု အဖြစ်နှင့် အမျိုးသားရေးတာဝန်များကို ဆက်လက်ထမ်းရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး အရန်မီးသတ် တပ်ဖွဲ့တူညီဝတ်စုံများ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် သင်တန်းနည်းပြများက မီးသတ်ပညာ ဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ဘာသာရပ်၊ သဘာဝဘေးဆိုင်ရာ သင်ခန်းစာများ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွားပါက စုဖွဲ့ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းကိစ္စရပ်များကို ရက်သတ္တပတ်လေးပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က ပြည်ကြီးချမ်းသာမဟာစေတီ(မြို့ဦးစေတီ)ဘုရားစေတီဝင်းအတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဇော်ဝင်း၊ မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြင့်မြင့်ရီ

## တောင်ဥက္ကလာပမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့နံနက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်မိုးက အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများ ပေးအပ်သည်။



အဆိုပါသင်တန်းကို စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ စာတွေ့၊လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**



ဂန့်ဂေါမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၆ ရက်က ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဂန့်ဂေါမြို့ သမိုင်းဝင်ရွှေပြည်ဆိပ်ဦး ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မောင်မျိုးမင်း(ပြန်/ဆက်)

## တောင်ကြီးမြို့၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်း

**တောင်ကြီး စက်တင်ဘာ ၇**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (တောင်ကြီးရုံးခွဲ)နှင့် ပြည်တွင်းအခွန်များ ဦးစီးဌာန (ရှမ်းပြည်နယ်)တို့ ပူးပေါင်းကျင်းပသော အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (တောင်ကြီးရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်တို့က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အချက်အလက်များနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။



အဆိုပါဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(တောင်ကြီးရုံးခွဲ)မှ တာဝန်ခံညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ရှမ်းပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ၊ လွိုင်လင်၊ လဲချား၊ နမ့်စန်(တောင်)၊ ကွန်ဟိန်း၊ မိုးနဲ၊ လင်းခေးမြို့တို့မှ မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်း စုစုပေါင်း ၄၁ ဦး တက်ရောက်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်တက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နှစ်လည်မဂ္ဂဇင်း စာမူရှင်ဂုဏ်ပြုပွဲ ကျင်းပ



**ပြည် စက်တင်ဘာ ၇**

ပြည်တက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နှစ်လည်မဂ္ဂဇင်း စာမူရှင်ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းက ပြည်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ မဂ္ဂဇင်းသို့ စာမူများ ပါဝင်ရေးသားခဲ့ကြသည့် စာမူရှင်များနှင့် စာကြည့်တိုက်ဆု ရရှိကြသူများအား ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်နှင့် ဒုတိယပါမောက္ခချုပ်များက ဂုဏ်ပြုလက်ဆောင်များနှင့် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဝဏ္ဏထွန်း(ပြန်/ဆက်)**

## သဃ်န်းကျွန်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ယနေ့နံနက်က မြို့နယ်အရန်မီးသတ် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကျင်းပရာ သဃ်န်းကျွန်း ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသား ၅၀ တို့ တက်ရောက်ခဲ့ပြီး သင်တန်းသားများအား အရန်မီးသတ်တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။




အဆိုပါသင်တန်းကို စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ လေးပတ်ကြာ စာတွေ့ လက်တွေ့ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မိုင်းခတ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**မိုင်းခတ် စက်တင်ဘာ ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၌ လမင်းစီမံချက်ဖြင့် အသက်(၁၀)နှစ်ပြည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ယနေ့နံနက်ပိုင်းက နေ့ချင်းပြီး ဆောင်ရွက်ပေးသည်။



အဆိုပါကတ်များ ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်သူရနှင့် ဝန်ထမ်းများက မိုင်းကာကျေးရွာအုပ်စုရှိ ပန်နော်လောင်း (အမက) ကျောင်းနှင့် အားခေဝမ်ကောင်း (အမက) ကျောင်းမှ အသက် (၁၀) နှစ်ပြည့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၂ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း အမှတ်စဉ်(၁/၂၀၂၆)ကို ယနေ့နံနက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရန်နိုင်ဖြိုးက အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံများ ပေးအပ်သည်။



အဆိုပါသင်တန်းကို စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ၊ အရန်မီးသတ်ဒုတပ်ရင်းမှူး၊ တပ်ခွဲမှူးများ၊ ဒုတပ်ခွဲမှူးများ၊ တပ်စုမှူးများနှင့် သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဟန်နီ(ပြန်/ဆက်)**

## ကြို့ပင်ကောက်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

**ကြို့ပင်ကောက် စက်တင်ဘာ ၇**

ကြို့ပင်ကောက်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက်က အမက(မူလွန်) လက်ပံပင်စုကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဋ္ဌေးက ကျောင်းစာအပြင် ပြင်ပသုတ၊ ရသ စာအုပ်စာစောင်များကို အားလပ်ချိန်များတွင် လေ့လာဖတ်ရှုကြရန်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးခြင်းနှင့် လူကုန်ကူးမှုအန္တရာယ် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာဖတ်ရှိန်မြင့်မားစေရေးအတွက် စာအုပ်စာစောင်များ ခင်းကျင်းပြသ၍ အသိပညာပေး နံရံကပ်စာစောင်များ ပြသပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က လပွတ္တာမြို့နယ်ရှိရှင်စောမြတ်စေတီတော်ကြီး၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးမျိုးမြင့်တို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် ၈၃ ဦး၊ ပြည်သူ ၂၀၀ တို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၆) စာအုပ် ထွက်ရှိ




**နေပြည်တော် စက်တင်ဘာ ၇**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် **“သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၂၆)”** စာအုပ်သည် ပြည်သူများ အသိပညာ ဗဟုသုတ ပြည့်စုံစေရန်၊ ပြန်တမ်းဝင်အရာရှိအဆင့်(စတင်ခန့်) စာမေးပွဲများနှင့် အခြားဝင်ခွင့်စာမေးပွဲများ ဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်၊ သိရှိလိုသည့် အချက်အလက်များကို တစုတစည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှစတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ပါသည်။

ယခု ၂၀၂၆ ခုနှစ်ထုတ် စာအုပ်တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးဖြစ်သည့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများကို နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်၍လည်းကောင်း၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ၊ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်စာရင်းများ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ဖွဲ့စည်းခြင်း၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ခန့်အပ်ခြင်း၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာ ကောက်နုတ်ချက်များ၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လက်ထက်တွင် လွှတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သော ဖြစ်စဉ်များ၊ သင်္ဂါယနာတင်သမိုင်း၊ အာကာသပြတိုက် (ရန်ကုန်)၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့မှထွက်ရှိသည့် ပတ္တမြားများရှာဖွေတွေ့ရှိမှုများ၊ အမျိုးသမီးစစ်မှုထမ်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြားအဆင့် ရဲမေများအတွက် အရည်အချင်းသတ်မှတ်ချက်များ၊ ရန်ကုန်မြို့ပြအမွေအနှစ်စာရင်းဝင် ရှေးဟောင်းအဆောက်အအုံများစာရင်း၊ ယူရေးရှားစီးပွားရေးသမဂ္ဂအဖွဲ့ (Eurasian Economic Union–EAEU) စသည်တို့ကို အသစ်ဖြည့်စွက်၍လည်းကောင်း၊ မြန်မာ့ရေးရာ၊ နိုင်ငံတကာရေးရာများကို နောက်ဆုံးအခြေအနေနှင့်အညီ ကိုက်ညီအောင် ပြင်ဆင်တည်းဖြတ် ထုတ်ဝေထားရှိပါသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်ပါသည်။ ထို့ပြင် အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့် စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ၌ ထုတ်ဝေခဲ့ပြီး နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၃၄၁၂၃၇၁ နှင့် စာပေဗိမာန်အရောင်းဆိုင်တို့တွင် လည်းကောင်း၊ ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ အမှတ် (၂၂/၂၄) ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း ၀၁-၈၃၈၄၈၁၃၊ ၀၁-၈၃၇၁၃၄၂၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်အရောင်းဆိုင်တို့တွင် လည်းကောင်း၊ အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် လည်းကောင်း ဝယ်ယူရရှိနိုင်သည်။

**မြန်မာ့အလင်း**

# တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူခြင်းမှသည် ပျော်ရွှင်လှပ လူမှုဘဝများဆီသို့ (၃)

သည်တစ်ခေါက် မြို့တက်ဖြစ်တော့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (မြို့နယ်ရုံး)ကို ဝင်ဖြစ်ခဲ့သည်။ ဒေါက်တာကြီးကိုလည်း သတိရမိလို့ပါ။ ရုံးရောက်တော့ ဒေါက်တာကြီးရှိလားခင်ဗျာလို့ မေးကြည့်လိုက်ရာ 'ဟာ ကိုထွန်းမောင်ကြီး ဝင်ခဲ့ပါဗျာ' ဆိုပြီး ဖော်ရွေပျူငှာစွာနဲ့ ကြိုဆိုတာကို ခံလိုက်ရပါသည်။

**သောင်းသိန်းမြတ် (မွေး/ကု)**

"လာဗျ ကိုထွန်းမောင်ရေ။ ထမင်းစားပြီးမှပြန်အေးဆေးပေ့ါ"

"ဟုတ်ကဲ့ပါ။ အချိန်ရရင်ဖြင့် ဆိတ်တွေထိန်းသိမ်းစောင့်ရှောက်ခြင်း အပိုင်းလေးကိုဆက်ပြီး ဆွေးနွေးပေးပါဦး"

"အဲဒါဆိုလည်း လိုက်သာမှတ်သားထားပေတော့ ကိုထွန်းမောင်ကြီးရေ။''

"ဆိတ်တွေဟာ သဘာဝအရ လွှတ်လပ်စွာနေလိုတဲ့ သဘောရှိတဲ့ဗျ။ လွှတ်ကျောင်းစနစ်နဲ့ မွေးမြူရင်လည်း လွှတ်လပ်စွာ လှုပ်ရှားသွားလာတတ်ကြပါတယ်။ ဆိတ်အုပ်တစ်အုပ်မှာ မွေးမြူထားတဲ့ ကောင်ရေပေါ်မူတည်ပြီး ဆိတ်ထီး (ဆိတ်သိုး) တစ်ကောင်ဟာ ဆိတ်မ ၂၅ ကောင်မှ ၃၀ လောက်အထိ ထိန်းသိမ်းနိုင်တာကို တွေ့ရတယ်ဗျ။ ဆိတ်အုပ်ကို ဆိတ်သိုးက ကြပ်မတ်ပေမယ့် အဓိကထိန်းသိမ်းသူကတော့ ဆိတ်အုပ်ထဲက ဆိတ်မကြီးတစ်ကောင်ပဲ။ အဲဒီဆိတ်မကသာ ဆိတ်အုပ်ကို ထိန်းကျောင်းသွားလေ့ရှိတာပါ။ ဆိတ်မတွေ မွေးခါနီးအချိန်မှာ ဆိတ်သိုးကြီးက ဦးဆောင်ပြီး အောင်အောင်မြင်မြင် မွေးဖွားနိုင်အောင် အကာအကွယ်ပေးလေ့ရှိကြပါတယ်။ ဆိတ်တွေကို ထိန်းသိမ်းစောင့်ရှောက်ရာမှာ ခွဲခြားစောင့်ရှောက်ရတဲ့ အပိုင်းလေးတွေရှိတယ်။"

"**ကိုယ်ဝန်ဆောင်ဆိတ်မများ ပြုစုစောင့်ရှောက်ခြင်း**အပိုင်းကို ဆက်ပြောပြပေးမယ်ဗျာ။ ဆိတ်မလေးတွေဟာ ရှစ်လခန့်မှာ အရွယ်ရောက်တယ်ဗျ။ အရွယ်ရောက်မှုဟာလည်း မိဘမျိုးရိုးနဲ့ ခန္ဓာကိုယ်ကြီးထွားမှု၊ ကျွေးမွေးတဲ့အစားအစာနဲ့ ရာသီဥတုအပေါ်မှာ မူတည်ပါတယ်။ မိတ်လိုက်လို့ သားအောင်တဲ့ဆိတ်မဟာ ပဋိသန္ဓေကာလ ငါးလခန့်မှာ ဆိတ်သားပေါက်လေး မွေးပါတယ်။ ဆိတ်မရဲ့ ကိုယ်ဝန်ဆောင်ကာလကတော့ ပျမ်းမျှအားဖြင့် ရက် ၁၅၀ ခန့် ကြာမြင့်ပါတယ်။"

"ဗီးရှိတဲ့ ဆိတ်မကို ကိုယ်ဝန်နုတဲ့ကာလမှာ အခြားဆိတ်တွေနဲ့ရောပြီး လွှတ်ကျောင်းနိုင်ပါသေးတယ်။ ဗီးရင့်ပြီး မွေးခါနီးတစ်ပတ်အလိုလောက်မှာတော့ လွှတ်ကျောင်းရာသို့ မထည့်တော့ဘဲ ဆိတ်တင်းကုပ်မှာသာ ထိန်းကျောင်းထားသင့်ပါတယ်။ ဒါပေမယ့် ဆိတ်မအတော်များများဟာ လွှတ်ကျောင်းကွင်းမှာသာ ဆိတ်ကလေးမွေးပြီး ညနေပိုင်း ဆိတ်ပြန်သွင်းတဲ့အချိန်မှသာ ဆိတ်တင်းကုပ်ကို ပြန်လာတတ်တဲ့ အလေ့အထရှိလို့ ဆိတ်မွေးမြူသူတွေအနေနဲ့ ကိုယ်ဝန်ဆောင်ဆိတ်မတွေကို စနစ်တကျ အလေးပေးဂရုစိုက်သင့်ပါတယ်။"

"ကိုယ်ဝန်ဆောင်ဆိတ်မတွေကို အစာနုပုံမှန်စားစေဖို့ သီးခြားခွဲကျွေးမွေးသင့်ပါတယ်။ သားပေါက်ခါနီး မွေးဖွားရက်စေ့တဲ့အချိန်မှာ အစာကိုလျော့ပြီး ကျွေးသင့်တယ်။ ဝမ်းပျော့စေမယ့်အစာတွေဖြစ်တဲ့ ဂေါ်ဖီရွက်၊ ဆလတ်ရွက် စတဲ့ဟင်းရွက်စိမ်းများကိုလည်း ပိုမိုကျွေးသင့်ပါတယ်။ 'ဆား' ဟာ ဆိတ်အတွက် အရေးကြီးတဲ့ ဓာတ်အာဟာရဖြစ်လို့ ဆိတ်တစ်ကောင်အတွက် တစ်နေ့နှစ်ကျပ်သားခန့် ကျွေးသင့်ပါတယ်။ ဆိတ်မဗီးရင့်လို့ သားပေါက်ခါနီးရင်တော့ အစာစားရပ်ခြင်း၊ အမတန်ဆာအင်္ဂါစပ်ရောင်ရမ်းခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ အော်ဟစ်ခြင်း၊ လဲလျောင်းခြင်း၊ နို့အုံများ နို့ပြည့်ပြီး မာတင်းလာခြင်း၊ ညှစ်ကြည့်ရင် နို့ရည်ပျစ်တွေထွက်ခြင်း စတဲ့လက္ခဏာတွေကို တွေ့ရတတ်ပါတယ်။"

> ❝ ဗီးရှိတဲ့ဆိတ်မကို ကိုယ်ဝန်နုတဲ့ကာလမှာ အခြားဆိတ်တွေနဲ့ရောပြီး လွှတ်ကျောင်းနိုင်ပါသေးတယ်။ ဗီးရင့်ပြီး မွေးခါနီးတစ်ပတ်အလိုလောက်မှာတော့ လွှတ်ကျောင်းရာသို့ မထည့်တော့ဘဲ ဆိတ်တင်းကုပ်မှာသာ ထိန်းကျောင်းထားသင့်ပါတယ်။ ဒါပေမယ့် ဆိတ်မအတော်များများဟာ လွှတ်ကျောင်းကွင်းမှာသာ ဆိတ်ကလေးမွေးပြီး ညနေပိုင်း ဆိတ်ပြန်သွင်းတဲ့အချိန်မှသာ ဆိတ်တင်းကုပ်ကို ပြန်လာတတ်တဲ့ အလေ့အထရှိလို့ ဆိတ်မွေးမြူသူတွေအနေနဲ့ ကိုယ်ဝန်ဆောင်ဆိတ်မတွေကို စနစ်တကျ အလေးပေးဂရုစိုက်သင့်ပါတယ် ❞

"အဲဒီလက္ခဏာမျိုးတွေ တွေ့မြင်ရပြီဆိုရင်တော့ မွေးဖွားခါနီးပြီလို့ မှတ်ယူပြီး စားကျက်ကို လွှတ်ကျောင်းခြင်းမပြုတော့ဘဲ မြက်၊ ကောက်ရိုးစတဲ့ အစာကိုသာကျွေးပြီး မွေးဖွားဖို့ ပြင်ဆင်ပေးရတော့မှာ ဖြစ်ပါတယ်။ ဆိတ်မကြီး မွေးခါနီးနို့အိမ်အလွန်တင်းနေရင် လက်နဲ့ အနည်းငယ်ညှစ်ထုတ်ပေးသင့်ပါတယ်။ ဆိတ်မကြီးမွေးချိန်နဲ့ မွေးပြီးတစ်ပတ်ခန့်အတွင်းမှာ ဆန်ကွဲကို ကျိုပြီးသော်လည်းကောင်း၊ အစာနုကို ရေနဲ့အစာစို ကျွေးမွေးခြင်းဖြင့်သော်လည်းကောင်း အာဟာရဖြစ်စေမှာဖြစ်ပါတယ်။ ဆိတ်မကြီး မွေးဖွားပြီးချိန်မှာတော့ ဆိတ်ငယ်လေးအတွက် အခင်းကို ကောက်ရိုးမြက်ခြောက်များ ခင်းထားပေးဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် သမံတလင်းအခင်းဖြစ်နေရင် နွေးထွေးမှုရှိစေဖို့မဖြစ်မနေ ခင်းကျင်းပေးထားရမှာ ဖြစ်ပါတယ်ဗျာ။"

"ဆိတ်ငယ်လေးတွေ ထိန်းသိမ်းပြုစုစောင့်ရှောက်ခြင်းအတွက်ကတော့ မွေးပြီးစ ဆိတ်ငယ်လေးတွေဟာ များသောအားဖြင့် သန်မာတတ်ကြတယ်။ မွေးမွေးပြီးချင်း သူ့ဘာသာသူ ထနိုင်ဖို့ ကြိုးစားတတ်ကြတယ်။ သန်မာစွာ မွေးဖွားလာတဲ့ ဆိတ်ငယ်တွေဟာ မွေးပြီးတာနဲ့ထပြီး မိခင်နို့ကို တွေ့အောင်ရှာတတ်တယ်။"

"ဆိတ်မတမ်းမိခင်တွေမှအပ ဆိတ်မကြီးတွေဟာ သားငယ်ထနိုင်ဖို့ အကူအညီပေးတတ်ကြတယ်။ ဆိတ်ငယ်လေးကလည်း မိခင်နို့ကိုတွေ့အောင်ရှာပြီး စို့လေ့ရှိတယ်။ အဲဒီလိုအခါမျိုးမှာ မွေးမြူသူတွေဟာ ဆိတ်ငယ်လေး အမြန်နို့စို့ရဖို့ ကူညီပေးဖို့လိုပါတယ်။ မွေးဖွားပြီး နာရီပိုင်း အတော်ကြာတဲ့အထိ ဆိတ်ငယ်တွေဟာ မိခင်နို့မစို့ရဘဲ ခံနိုင်ရည်ရှိပေမယ့် မွေးပြီးပြီးချင်း နာရီပိုင်းအတွင်းမှာ မိခင်နို့စို့နိုင်စေဖို့ ဆောင်ရွက်ပေးသင့်ပါတယ်။"

"ဆိတ်မကြီးရဲ့ နို့ဦးရည်ဟာ ဆိတ်ကလေးအတွက် မရှိမဖြစ် လိုအပ်တဲ့ အာဟာရပဲဖြစ်ပါတယ်။ နို့ဦးရည်ဟာ ဆိတ်ငယ်ကလေး သာမန်ရောဂါတွေအတွက် ခံနိုင်စွမ်းရှိတဲ့ မိခင်ရဲ့ ကိုယ်ခံစွမ်းအားတွေပါ ရရှိလာစေနိုင်တဲ့အပြင် ဆိတ်ငယ်ကလေး ဝမ်းပျော့ပျော့သွားစေနိုင်ခြင်းဖြင့် မိခင်ရဲ့ဝမ်းတွင်းမှာ ရှိနေစဉ်ကာလမှာ ရှိခဲ့တဲ့ ငယ်ချေးတွေပါ ပါသွားစေနိုင်တာဖြစ်လို့ မွေးစဆိတ်ငယ်တွေအတွက် နို့ဦးရည်သောက်သုံးမှုရရှိစေဖို့ စီမံဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်ဗျာ။"

"ဆိတ်ငယ်ကလေး တစ်ပတ်သားအရွယ်ခန့် ရောက်လာတဲ့အခါမှာတော့ ဆိတ်အုပ်နဲ့အတူ လွှတ်ကျောင်းနိုင်ပြီ ဖြစ်ပါတယ်။ အချို့ဆိတ်မတွေဟာ တစ်သားကို နှစ်ကောင်မွေးမြူလေ့ရှိပါတယ်။ နှစ်ကောင်မွေးဖွားပါက ဆိတ်ငယ်နှစ်ကောင်စလုံး ဆိတ်မကြီးရဲ့ နို့ရည်ကို စနစ်တကျ သောက်စို့နိုင်ဖို့ စီမံဆောင်ရွက်ပေးရပါမယ်။"

"ကိုထွန်းမောင်ရေ ဆိတ်ငယ်လေးများကို နှစ်ပတ်သားအရွယ် ရောက်ချိန်မှာတော့ အစာနုနဲ့ မြက်ကို အလေ့အကျင့်ပြုလုပ်ပြီး စတင်ကျွေးမွေးရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် များသောအားဖြင့် ဆိတ်ငယ်လေးတွေဟာ အသက် ၆ ပတ်သားအရွယ်မှာ နို့ခွဲလေ့ရှိတာမို့ အစာနုစားတဲ့ အလေ့အကျင့်ရနေပြီဖြစ်လို့ ဆိတ်ငယ်တွေရဲ့ ကြီးထွားဖွံ့ဖြိုးမှုနှုန်းကိုလည်း အနှောင့်အယှက်မဖြစ်စေတော့ဘဲ ကောင်းစွာ ဆက်လက်မွေးမြူနိုင်ကြတော့မှာဘဲ ဖြစ်ပါတယ်။"

"မိခင်မဲ့ ဆိတ်ငယ်ကလေးတွေကို ပြုစုထိန်းသိမ်းစောင့်ရှောက်ခြင်းကိုလည်း တစ်ခါတည်း ပြောပြပေးဦးမယ်ဗျာ။ ကိုထွန်းမောင်ကြီး အချိန်ကောရရဲ့မဟုတ်လား။ ထမင်းစားချိန်ရောက်ဖို့ နည်းနည်းလေး စောနေသေးတာဆိုတော့လေ"

"ရပါတယ်။ ကျွန်တော်ကသာ အားနာနေမိတာပါ။ ပညာလည်းပေး ထမင်းလည်းကျွေးရသေးဆိုတော့လေ။ နောက်များမှ ကျွန်တော်တို့ရွာကို ရောက်တဲ့အခါ တစ်လှည့်ပြန်လို့ ဧည့်ခံပါ့မယ်ခင်ဗျာ"

"ရပါတယ် ကိုထွန်းမောင်ရယ်။ ပြောနေရမယ့်သူတွေမဟုတ်ပါဘူး။ ဆက်ပြီးတော့ မှတ်သားလိုက်ပါဦးဗျာ"

"နို့စားဆိတ်တွေကို ကလေးမွေးပြီးနောက် သီးခြားခွဲ ပြုစုထိန်းသိမ်းစောင့်ရှောက်သလို တစ်ခုသောအကြောင်းတရားကြောင့် မိခင်ဆိတ်မကြီး သေဆုံးသွားတဲ့အခါ မွေးမြူသူတွေက ကျန်ခဲ့တဲ့ ဆိတ်ကလေးတွေကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ လိုအပ်ပါတယ်။ အရေးကြီးတာကတော့ ဆိတ်ငယ်ကလေးခြောက်ပတ်သားအတွင်း နို့ကို စနစ်တကျ တိုက်ကျွေးဖို့ပဲ ဖြစ်ပါတယ်။ ဆိတ်ငယ်လေးတွေကို နို့တိုက်ဖို့ နို့တိုက်နည်း နှစ်နည်းရှိပါတယ်။"

"နို့သီးတံတပ်ထားတဲ့ နို့ပုလင်းနဲ့ နို့တိုက်ကျွေးခြင်းနဲ့ နို့ပုံးနဲ့ နို့တိုက်ကျွေးခြင်းဆိုပြီး နှစ်မျိုးရှိတယ်။ နှစ်မျိုးလုံးအတွက် စနစ်တကျ လေ့ကျင့်တိုက်ကျွေးပေးဖို့ လိုအပ်ပါတယ်။ နို့ပုံးနဲ့ တိုက်ကျွေးရာမှာ လေ့ကျင့်ပေးရမှာကတော့ ဆိတ်မွေးမြူသူရဲ့ လက်ညှိုးကို နို့ရည်အတွင်း အပေါ်သို့ အနည်းငယ်ဖော်ထားရမယ်။ ခွက်အတွင်း နို့ထည့်ပြီး မွေးမြူသူရဲ့ လက်တစ်ဖက်နဲ့ လက်ညှိုးထိပ်ကို ဆိတ်ငယ်ငုံမိအောင် ဆိတ်ရဲ့ဦးခေါင်းကို ဖိပေးရတယ်။"

"ဆိတ်ငယ် လက်ညှိုးကို ငုံမိလို့ နို့အရသာတွေ့တဲ့အခါ နို့ရည်ကို ခွက်ထဲကနေ ဆက်စုပ်သောက်သုံးတတ်သွားမှာပဲ ဖြစ်ပါတယ်။ အရေးကြီးတဲ့အချက်ကတော့ နို့ခွက်၊ နို့ပုလင်း၊ နို့သီးခေါင်းတွေ သန့်သန့်ရှင်းရှင်း ဆေးကြောထားရှိပြီး အသုံးပြုဖို့ပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် နို့တိုက်တဲ့အခါမှာ ဆိတ်နို့၊ နွားနို့ (သို့မဟုတ်) ကျွဲနို့ကိုပါ အချိန်အဆခွဲပြီး တစ်ပတ်သားရောက်တဲ့အထိ တစ်နေ့လေးကြိမ် တိုက်ကျွေးသင့်ပါတယ်။ တစ်ပတ်သားကျော်ရင် အချိန်အဆပမာဏတိုးပြီး တစ်နေ့နှစ်ကြိမ်ပဲ အလေ့အကျင့်နဲ့ တိုက်ကျွေးပြီး အစာနုကို စတင်ကျွေးမွေးရမှာဖြစ်ပါတယ်။"

"ကဲ လိုက်မှတ်ရတာ ညောင်းလှရောပေ့ါ။ အခုပြောခဲ့တဲ့အချက်တွေကတော့ ဆိတ်ထိန်းသိမ်းစောင့်ရှောက်ခြင်းတွေထဲက အကောင်းဆုံးအချက်အလက်တွေပါပဲ။ နောက်တစ်ခေါက်ကျမှ ဆိတ်ထိန်းသိမ်းစောင့်ရှောက်ခြင်းတွေထဲက ကျန်နေတဲ့ အချက်အလက်လေးတွေ ဆက်ပြီးဆွေးနွေးပေးပါဦးမယ်"

"ဟုတ်ကဲ့ ဗဟုသုတလည်းရပါတယ်။ လိုက်နာဆောင်ရွက်နိုင်ရင်တော့ ဆိတ်မွေးမြူသူတွေ အကျိုးစီးပွားဖြစ်ထွန်းမှာ အမှန်ပါပဲ။ ကျွန်တော်ကတော့ ဒေါက်တာကြီး အသိပညာပေးတဲ့အတိုင်း လိုက်နာမွေးမြူသွားမှာပါခင်ဗျာ"

"ကောင်းပါတယ်။ ထမင်းသွားစားကြပါစို့ဗျာ။ သြော် ရွာပြန်တဲ့အခါ ဆိတ်မွေးမြူရေးနဲ့ပတ်သက်တဲ့ အသိပညာပေးလက်ကမ်းစာစောင်လေးတွေ ထည့်ပေးလိုက်ပါဦးမယ်။ ရွာမှာ လက်ဆင့်ကမ်းဖြန့်ဝေပေးဖို့ပါ"

"ဟုတ်ကဲ့ပါခင်ဗျာ" ဟု ပြန်လည်ဖြေကြားရင်း ဒေါက်တာကြီး တည်ခင်းသော နေ့လယ်စာထမင်းဝိုင်း၌ ဆိတ်သားဟင်းလျာဖြင့်စားသုံးကာ အနာဂတ်ကာလများတွင် အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်သော ကျွန်တော်၏ တစ်ပိုင်တစ်နိုင်ဆိတ်မွေးမြူရေးခြံကလေးအကြောင်းစဉ်းစား၍ ပျော်ရွှင်ကြည်နူးနေမိပါတော့သည်။ ။


**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မလေးရှား၌ကျင်းပမည့် PIEC 2026 ပြိုင်ပွဲသို့ မြန်မာ eFootball အဖွဲ့ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ကြားခံရ

**ရန်ကုန် စက်တင်ဘာ ၇**

မလေးရှားနိုင်ငံမှ ဦးဆောင်ကျင်းပသည့် Perak International Esports Championship (PIEC) 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ eFootball (Mobile) အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ကြားခံရကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မလေးရှား အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်(MESF)က ကြီးမှူး၍ လာမည့် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ မလေးရှားနိုင်ငံ ပီရတ်ပြည်နယ် အီပိုးမြို့၌ ကျင်းပသွားမည်ဖြစ်ပြီး စုစုပေါင်း ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀ ခန့် ချီးမြှင့်သွားမည်ဖြစ်သည်။

PIEC 2026 နိုင်ငံတကာစင်မြင့်ထက်တွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားရွေးချယ်ရန် အတွက် မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်က အမျိုးသားအဆင့် ခြေစစ်ပွဲ (National Qualifier) ကို လာမည့် စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး eFootball အားကစားကို ဝါသနာပါသည့် လူငယ်များအနေဖြင့် အမျိုးသားအဆင့် ခြေစစ်ပွဲတွင် စာရင်းပေးသွင်းကာ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**နေမျိုး**

# စစ်ကိုင်းယူနိုက်တက်အသင်း အား/ကာသိပွဲအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရ



**ရန်ကုန် စက်တင်ဘာ ၇**

Grand Royal M League 2026-2027 ပြိုင်ပွဲ ပွဲစဉ် (၂) နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ ညနေပိုင်းက သန်လျင်စတား စီးတီးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ စစ်ကိုင်းယူနိုက်တက် အသင်းက အား/ကာသိပွဲ (ISPE) အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲချိန် ၁၃ မိနစ်တွင် စစ်ကိုင်း ယူနိုက်တက် အတွက် ဦးဆောင်ဂိုးကို ရာဇာအောင်က စတင်သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၁၇ မိနစ်တွင် ISPE ခံစစ် ဖြတ်ထုတ်မှု အမှားမှတစ်ဆင့် အပိုင်ရရှိသည့် အခွင့်အရေးကို ကောင်းမြတ်သူက ကန်သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် စစ်ကိုင်း ယူနိုက်တက် အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန် ၄၉ မိနစ်တွင် ရာဇာအောင်က တတိယမြောက်ဂိုးကို သွင်းယူပေးခဲ့သလို ပွဲချိန် ၅၅ မိနစ်တွင် ထူးဝေယံက စတုတ္ထမြောက် ဦးဆောင်ဂိုးကို ထပ်မံ ရယူပေးခဲ့သဖြင့် စစ်ကိုင်း ယူနိုက်တက်အသင်း လေးဂိုး ပြတ်ဖြင့် ဦးဆောင်သွားခဲ့ပြီး ပွဲစဉ်အကောင်းဆုံး ကစားသမားဆုကို ရာဇာအောင်က ရရှိခဲ့သည်။

**နေမျိုး**

**ဓာတ်ပုံ-ML**

# AFC Challenge League ခြေစစ်ပွဲ ရန်ကုန်ယူနိုက်တက်နှင့် လာအိုကလပ် Ezra FC အသင်း ယနေ့ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၇**

AFC Challenge League 2026-27 ခြေစစ်ပွဲအဖြစ် 2025 MNL League Cup ချန်ပီယံ ရန်ကုန်ယူနိုက်တက်သည် လာအိုကလပ် Ezra FC နှင့်




စက်တင်ဘာ ၈ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို မူလက ဗီယန်ကျင်း၌ ကျင်းပရန် စီစဉ်ခဲ့သော်လည်း AFC ၏ ထုတ်ပြန်ချက်အရ ရန်ကုန်၌ အိမ်ရှင်အဖြစ် ပြောင်းလဲကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ တစ်ကျော့တည်း အနိုင်အရှုံး အဆုံးအဖြတ် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနိုင်ရရှိသည့်အသင်းသည် အုပ်စုအဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

ရန်ကုန် ယူနိုက်တက် အသင်းအနေဖြင့် Ezra FC ကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့ပါက အင်ဒိုနီးရှားကလပ် ဘော်နီယို၊ ဖိလစ်ပိုင်ကလပ် ဝမ်းတက်ဂူး၊ တရုတ်(တိုင်ပေ) ကလပ် တိုင်နန်စီးတီးတို့ပါဝင်သည့် အုပ်စု(D)တွင် ကျရောက်မည်ဖြစ်သည်။

ယခုနှစ် AFC Challenge League ခြေစစ်ပွဲကို အသင်း ၁၈ သင်းဖြင့် ဇုန် နှစ်ဇုန်ခွဲကာ ကျင်းပလျက်ရှိရာ လက်ရှိတွင် လက်ကျန်ခြေစစ်ပွဲ နှစ်ပွဲသာ ကျန်ရှိတော့သည်။

**နေမျိုး**

**ဓာတ်ပုံ-ML**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ အနော်မာလမ်း၊ မြေကွက်အမှတ်(၁၄၂) ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ၆-ထပ်(RC)တိုက်၏ ပထမထပ်(ခေါင်းရင်းခြမ်း) ဟုခေါ်တွင်သော မြေအလျား x အနံ(၁၃ x ၅၄)ပေရှိ တိုက်ခန်း(၁)ခန်း၊ Air-con(၁)လုံး၊ လျှပ်စစ်မီး မီတာအပါအဝင် ယင်းတိုက်ခန်းနှင့်ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းလွင်(၁၂/သကတ(နိုင်)၀၃၆၂၉၂)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ရီရီစိန်(၆/မအရ(နိုင်)၀၃၇၃၉၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအေးလွင်(၁၂/ဥကတ(နိုင်)၀၂၃၄၈၈)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းသူရဇော်(LL.B) ဒေါ်ယမင်းထွေး(LL.B) ဦးရဲသီဟ(LL.B)

အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅) အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)

အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၀)၊ ရတနာမြင့်မိုရ်လမ်း၊ မြေကွက်အမှတ် (၂၁၇၂/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးမောင်ငွေ (၁၂/ဗဟန (နိုင်) ၀၂၅၁၈၈)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးနန္ဒာကျော်လင်း (၇/သဝတ (နိုင်) ၀၇၆၀၂၈)ထံမှ ကျွန်တော် ဦးအောင်ကိုဟိန်း (၁၀/မလမ (နိုင်) ၁၈၃၁၇၅) နှင့် ကျွန်မ ဒေါ်အေးအေးသင်း (၁၂/ဒဂတ (နိုင်) ၀၈၁၅၂၇)တို့က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်/ကျွန်မတို့ထံသို့ စာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကိုဟိန်း နှင့် ဒေါ်အေးအေးသင်း

၀၉- ၄၅၀ ၀၃၁ ၇၅၄

## မြေပေးမိန့် လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့် မြို့ | ရပ်/ကျေး | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးသန်းဇော်ဦး | ချောင်းသာ | အမှတ်(၂) | ၁၉၉၀/ချောင်းသာ | ဂ-၁၉၀၊ ဂ-၂၀၆ | ၀.၁၂၉ | မြေပေးမိန့် |
| ၂ | ဦးရန်နိုင်ဝင်း | ချောင်းသာ | အမှတ်(၃) | ၁၉၉၀/ချောင်းသာ | ဆ-၂၉၃ | ၀.၀၅၅ | မြေပေးမိန့် |
| ၃ | ဦးသိပ္ပံစိုး | ချောင်းသာ | အမှတ်(၃) | ၁၉၉၀/ချောင်းသာ | စ-၄၈ | ၀.၀၅၅ | မြေပေးမိန့် |
| ၄ | ဦးသိန်းဝင်းထွဋ်၊ ဒေါ်ထိုက်ထိုက်စိုး | ပုသိမ် | အမှတ်(၁၄) | ၇၆/ဥမ္မာခန္တီ | R-၁၀၈(ခ) | ၀.၀၂၈ | မြေပေးမိန့် |
| ၅ | ဦးရဲထက်လှိုင် | ပုသိမ် | အမှတ်(၃) | ၃၁/ကံသုံးဆင့် | ၉၇ | ၀.၀၇၃ | မြေပေးမိန့် |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ဝဲပြန်ကျောင်း Grade-5မှ မလရိပ်ပို(ကျောင်းဝင်အမှတ်-၀၂၂၉)၏ ဖခင် ဦးမောင်ဇော်ထက်၏ အမည်မှန်မှာ ဦးဇော်ထက် ၇/သနပ(နိုင်)၁၂၃၁၉၃ ဖြစ်ပါကြောင်း။

**ဦးဇော်ထက်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့၊ အထက(၂) Grade-12(C)မှ မပိုပိုချစ်၏ ဖခင်အမည်မှန်မှာဦးစန်းနိုင် ၁၄/လမန(နိုင်) ၀၆၃၄၀၁ ဖြစ်ပါကြောင်း။

**ဦးစန်းနိုင်**
**၁၄/လမန(နိုင်) ၀၆၃၄၀၁**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၁၁၇)နေ ဒေါ်အုန်းမြင့် (ဘ)ဦးမောင်စိန် ၁၂/သဃက(ပြု) ၀၀၀၄၆၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ် မိတ်ဆွေ ဒေါ်အုန်းမြင့် ၁၂/သဃက(ပြု) ၀၀၀၄၆၆ သည် ၎င်းတစ်ဦးတည်းပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (က) ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၁၁၇)၊ မြေကွက်အကျယ်အဝန်း (အလျား ၃၇ ပေ x အနံပေ ၁၀၀) ၏ ဒေါ်အုန်းမြင့် မြေပိုင်ဆိုင်မှု၏ ရပိုင်ခွင့်နှင့်အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အနောက်ဘက်တိုက်ခန်း(B)၏ ပထမထပ် အလျား ၁၁ ½ ပေ x အနံ ၃၄ ပေရှိ လူနေတိုက်ခန်း(၁) ခန်းကို သားသမီးများဖြစ်သော ဦးမောင်မောင်လွင်၊ ဒေါ်နှင်းအိဖြူ၊ ဒေါ်မိုးသန္တာဝင်းတို့ (၃)ဦးကို (၄-၉-၂၀၂၆)ရက် တွင် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ကတိစာချုပ်ချုပ်ဆိုပြီး အပိုင်ပေးကမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အုန်းမြင့်**
**၁၂/သဃက(ပြု)၀၀၀၄၆၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက်မာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၂၂)**
**ဖုန်း-၀၉-၇၉၂၇၂၃၄၈၂**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လှိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်၊ မိုင်း ၄၆၂နေ ဦးဝင်းမောင်-ဒေါ်မူပါ တို့၏သား မောင်ဒေါ်မိနစ်နေလင်း ၂/လကန(နိုင်) ၀၆၉၅၂၉ သည် မိဘ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်၍ ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောင်တွင် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းမောင်-ဒေါ်မူပါ**

## မိဘအမည်မှန်

မြိတ်မြို့၊ အထက(၁) Grade-12(အင်ကြင်း)ခန်းမှ နော်အိန္ဒြေစိုး ၆/မမန(နိုင်)၂၇၃၀၉၂၏ မိဘအမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ စောရွှေပြည်စိုး ၆/မအရ(နိုင်) ၀၉၈၂၃၈ နှင့် နော်မို့မို့ကို ၆/ကစန(နိုင်) ၀၇၄၇၈၃ ဖြစ်ပါကြောင်း။

**စောရွှေပြည်စိုး၊ နော်မို့မို့ကို**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁) Grade-7(သဇင်)ခန်းမှ စောကလူထူး ၆/မမန(နိုင်)၂၉၂၂၈၄၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ စောရွှေပြည်စိုး ၆/မအရ(နိုင်) ၀၉၈၂၃၈ ဖြစ်ပါကြောင်း။

**စောရွှေပြည်စိုး**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ ကျွန်းမွေးရပ်ကွက်နေ အထက(၄) ထားဝယ် Grade-6 မှ မောင်အောင်သူရိန်၏ ဖခင် ဦးဗိုလ်ဗိုလ်လှိုင် ၏ အမည်မှန်မှာ ဦးဘိုဘိုလှိုင် ၆/ထဝန(နိုင်) ၁၂၆၀၉၅ ဖြစ်ပါကြောင်း။

**ဦးဘိုဘိုလှိုင်**

## အမည်ပြောင်း

ထားဝယ်မြို့၊ ကျွန်းမွေးရပ်ကွက်နေ ဦးဘိုဘိုလှိုင်၏သား အထက(၄) ထားဝယ်၊ Grade-6 မှ မောင်အောင်သူရိန် အား မောင်အောင်သူရိန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်သူရိန်**

## ဖခင်အမည်မှန်နှင့်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-11(L) မှ မဖြူစင်အေး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ စောပိုင်ဦး ၆/ဘပန(နိုင်)၀၀၈၈၈၉ ဖြစ်ပြီး စောပိုင်ဦး၏သမီး မဖြူစင်အေး၏ အမည် မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ မဖြူဇင်အေး ၆/ဘပန(နိုင်) ၀၆၆၂၀၄ ဖြစ်ပါကြောင်း။

**စောပိုင်ဦး၊ မဖြူဇင်အေး**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော် စည်သူဘရိုင်ရယ်စေးပို (၁၄/ကကထ(နိုင်)၁၈၅၉၇၃)နှင့် ကျွန်မ သုန်ရတီလှိုင်(၁၄/ကခန(နိုင်)၁၀၄၆၁၈) တို့သည် ၃-၉-၂၀၂၆ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျင်းမရှိတော့ဘဲ တစ်ဦး၏ ကိုယ်ရေးကိုယ်တာ ကိစ္စဟူသမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းတို့အားမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါကပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်းအများသိစေရန် ကြေညာအပ် ပါ သည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**စည်သူဘရိုင်ရယ်စေးပို၊ သုန်ရတီလှိုင်**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အ.ထ.က (ခွဲ) ထီသိမ်ရွေး(တ)၊ Grade-12 မှ မနန်းစောဆွေ အား မအေးစောဆွေဟုလည်းကောင်း၊ ဖခင် ဦးစင့်ထွန်း အား ဦးစိုင်းထွန်း ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

တောင်ကြီးမြို့၊အ.ထ.က (ခွဲ) ထီသိမ်ရွေး(တ)၊ Grade-12 မှ မနန်းစံငင်း အား မအေးငင်း ဟုပြောင်း လဲခေါ်ပါရန်။

## အမည်ပြောင်း

တောင်ကြီးမြို့၊အ.ထ.က(ခွဲ) ထီသိမ်ရွေး(တ)၊Grade-12 မှ မနန်းငွေစိန် အား မနန်းငွေစင် ဟုလည်းကောင်း၊ ဖခင် ဦးလွယ်ပန်းမောင်အား ဦးလွယ်ဆန်မောင် ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် စိုင်းနောင်နောင်ထွန်း ၂/လကန(နိုင်)၀၅၄၇၉၇၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၇၈၀၁၂၁၉၂၂

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ယ/၈၂၆၅၅ ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်းထွန်း ၇/ပတန(နိုင်) ၀၈၉၈၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/69757,Super Nova-125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဦး ၉/မတရ(နိုင်)၁၇၆၅၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး**
**(လွိုင်ကော်)**

## အများသိစေရန် ကြေညာခြင်း

ဦးစိုင်းမင်းကို(ခ)ဦးမင်းကို သည် ကျွန်မ မဖြိုးဖြိုးအိ၏ နိုင်ငံသားစိစစ်ရေးကတ်(၁၃/ရငန(နိုင်)၀၃၂၀၂၆) အား လုပ်ငန်းတစ်ခုတွင် မန်ဘာဝင်ရန်အတွက်ဟု တောင်းဆိုခဲ့သဖြင့် Viber မှတစ်ဆင့် ပေးပို့မိခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်မ၏ နိုင်ငံသားစိစစ်ရေးကတ်(၁၃/ရငန(နိုင်)၀၃၂၀၂၆)နှင့် ပတ်သက်၍ ငွေကြေးဆိုင်ရာကိစ္စများနှင့် အခြားသောကိစ္စများ ဖြစ်ပေါ်လာပါက ကျွန်မနှင့် (လုံး၀) ပတ်သက်မှုမရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မဖြိုးဖြိုးအိ ၁၃/ရငန(နိုင်) ၀၃၂၀၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/8357,Honda Click-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြစန္ဒာဦး ၉/ခအဇ(နိုင်)၀၃၃၁၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## နိုင်ငံ့ဝန်ထမ်းအလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ယွန်းပညာကောလိပ်၊ ဆောင်းဒါးသိပ္ပံ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများ၊ ခရိုင်ဦးစီးဌာနရုံးများနှင့် ရက်ကန်းကျောင်းတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/လစာနှုန်း/ပညာအရည်အချင်း | လစ်လပ် |
|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) B.E (Mech/EP/EC/Civil/ Textile)/ B.Sc (IC/Chem)/ စီးပွားရေးဆိုင်ရာဘွဲ့တစ်ခုခုရရှိသူ/ ဘွဲ့တစ်ခုခုနှင့် ယွန်းပညာဒီပလိုမာဘွဲ့/ ဘွဲ့တစ်ခုခုနှင့် လက်မှုပညာရပ်ကျွမ်းကျင်သူ/မဟာဘွဲ့တက်ရောက် ရန်အဆင့်မီသူများ | ၁၇ |
| (ခ) | နည်းပြ (ရက်ကန်း) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ဘွဲ့တစ်ခုခုရရှိပြီး ချည်မျှင်နှင့်အထည်အလိပ်ဒီပလိုမာ / အင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်) | ၁ |
| (ဂ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အခြေခံပညာအထက်တန်းအောင် (လက်မှု/ ရက်ကန်း/ စက်ချုပ်ပညာရပ်တစ်ခုခု တတ်ကျွမ်းသူများဖြစ်ပါက ပညာအရည်အချင်း လျှော့ပေါ့ စဉ်းစားပေးမည်။) | ၃၂ |
| (ဃ) | ဒု-လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာပညာရပ်ကျွမ်းကျင်သူ | ၄ |
| (င) | သုတေသနလက်ထောက်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) B.Sc (IC/Chem) / ဘွဲ့တစ်ခုခုနှင့် Dip in Food Technology ရရှိသူ | ၅ |
| (စ) | ကျွမ်းကျင်-၄ (စက်မှု )(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) စက်မှုလက်မှုအထက်တန်းအောင်/ လုပ်ငန်းနယ်ပယ် အသီးသီးနှင့် သက်ဆိုင်သည့် အစိုးရအသိအမှတ်ပြု Certificate ရရှိသူ | ၉ |
| (ဆ) | စာရင်းကိုင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ဘွဲ့တစ်ခုခုရရှိသူ (စာရင်းရေး၊ စာရင်းကိုင်လုပ်ငန်း စိတ်ပါဝင်စားသူ) | ၁၀ |
| (ဇ) | လက်ထောက်နည်းပြ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရက်ကန်းသင်တန်းကျောင်းဆင်းလက်မှတ်ရရှိသူ | ၁ |
| (ဈ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) မူလတန်းအဆင့်ရှိသူ (ယာဉ်မောင်းလိုင်စင်"ခ"ရှိသူ) | ၁ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ ) ၁၅.၁၀.၂၀၂၆ ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။ ဒေသခံများအားဦးစားပေးစဉ်းစားမည်။ ဝေးလံဒေသများနှင့် ဌာနမှ လက်ရှိနေ့စား ဝန်ထမ်းများဖြစ်ပါက အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားပေးမည်။ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ (၁၂) ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဌာနမှ သတ်မှတ်အသက်ထက်(၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။

(ဂ ) ကိုယ်လက်အင်္ဂါပြည့်စုံ၍ ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဃ) လက်မှုပညာရပ်တစ်ခုခုကျွမ်းကျင်သူများသည် လက်တွေ့စစ်ဆေးမှုခံယူရမည်။

(င ) အမှတ်စဉ် (က) နှင့် (ခ) ရာထူးအတွက် ဌာနတွင် အနည်းဆုံး (၅) နှစ်နှင့် အမှတ်စဉ် (ဂ) မှ (ဈ) ပါရာထူးများအတွက် ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(စ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) ခြင်း၊ ရာထူးမှ ထုတ်ပယ်(Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာများကို ကိုယ်တိုင်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်၊ မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့်ဌာနအမည်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ

(ခ ) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်၊ ဘွဲ့နှင့်ဒီပလိုမာလက်မှတ်မိတ္တူ

(ဂ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) (၁)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ

(င ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့်လျှောက်ထားသည့် ကြိုတင်လျှောက်လွှာ မိတ္တူ(၁)စောင်

(စ ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာမြို့နယ်/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊ သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထောက်ခံချက်မူရင်း (လွန်ခဲ့သော (၁) လအတွင်း)

၄။ လျှောက်လွှာများကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်သို့လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများ၊ ခရိုင်ဦးစီးဌာနရုံးများနှင့်ရက်ကန်းကျောင်းများသို့လည်းကောင်း (၁၅.၁၀.၂၀၂၆) ရက်နေ့နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော/ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ လျှောက်ထားသူများမှ အရည်အချင်းပြည့်မီသူများအား ရေးဖြေ (မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်) နှင့် လူတွေ့စစ်ဆေးခြင်းကိုလည်းကောင်း၊ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးချုပ် (နေပြည်တော်)၊ ရုံးအမှတ် (၁၆) နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနရုံးများတွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုလိုသည့် တိုင်းဒေသကြီး/ပြည်နယ်အား လျှောက်လွှာတွင် ထင်ရှားစွာရေးသားဖော်ပြရန်နှင့် ဖြေဆိုမည့်နေ့ရက်အား ကြိုတင်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) နေပြည်တော် ဖုန်း၊၀၆၇- ၃၄၁၀၀၅၀၊ ၀၆၇- ၃၄၁၀၃၉၇ နှင့် လျှောက်လွှာတင်ထားသည့် တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရုံးများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကုသရေးဦးစီးဌာနသည် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းကိရိယာများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် – 8DMS/ 2026–2027 (L)၊ 9DMS/ 2026–2027 (L) နှင့် 10DMS/ 2026–2027 (L) တို့ဖြင့် ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - | (၉-၉-၂၀၂၆) ရက်၊ (ဗုဒ္ဓဟူးနေ့) |
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ** | - | ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | (၂၄-၉-၂၀၂၆) ရက်၊ (ကြာသပတေးနေ့) မွန်းတည့် (၁၂ : ၀၀) နာရီ |
| **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - | ၀၆၇-၄၁၁၆၃၄၊ ၀၆၇-၄၁၁၆၃၅ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## အများသိစေရန် အသိပေးကြေညာခြင်း

စက်မှုနှင့်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ အမှတ်(၉)ရပ်ကွက်၊ စက်မှုနယ်မြေအတွင်း စက်မှုလုပ်ငန်းလုပ်ကိုင်ရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်၊ ၂၀၁၂ ခုနှစ်မှစ၍ လူပုဂ္ဂိုလ်အသီးသီးတို့အား မြေနေရာများ ခွင့်ပြုချထားပေးခဲ့ပါသည်။ အဆိုပါခွင့်ပြုချထားခဲ့သည့်မြေနေရာများပေါ်တွင် လုပ်ငန်းအကောင်အထည်ဖော်မှု ရှိ/မရှိ စိစစ်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိသည့် မြေနေရာများရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် မြေနေရာလက်ဝယ်ပိုင်ဆိုင်ထားသူများအနေဖြင့် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက် နောက်ဆုံးထား၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ခြင်းမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးစက်မှုဇုန်များဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီ၊**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၈)ရပ်ကွက်၊ ပုသိမ်-ညောင်တုန်းလမ်းမကြီးဘေး၊ ကျန်စစ်မင်းအိမ်ရာအပိုင်း (၁)၊ တိုက်အမှတ် (၉၄)၊ အခန်းအမှတ် (၁၀၄) (ပထမထပ်)၊ အကျယ်အဝန်း (၄၀၀) စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှဲ့လှဲ့နွယ် (၉/မခန (နိုင်) ၀၀၁၀၅၅)ထံမှ ကျွန်တော် ဦးကြည်သောင်း (၁၂/ဗဟန (နိုင်) ၀၆၇၆၉၁)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဦးကြည်သောင်း (၁၂/ဗဟန (နိုင်) ၀၆၇၆၉၁)
၀၉- ၄၃၀၈ ၉၂၀၂

## ဖခင်အမည်မှန်

ရွှေတောင်မြို့နယ်၊ အထက(ခွဲ)၊(ကျွဲစား)Grade-6မှ မခင်စုမြတ်ဟန်၏ဖခင်အမည်မှန်မှာ ဦးဟံမင်းထွန်း ၇/ရတန(နိုင်) ၀၉၇၇၉၈ ဖြစ်ပါကြောင်း။

**ဦးဟံမင်းထွန်း**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထက-တော်ဝိ Grade-12(A)မှ မမေသက်အောင် ၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်ခိုင်မော် ၇/ညလပ(နိုင်) ၁၄၁၀၁၅ ဖြစ်ပါကြောင်း။

**ဒေါ်ခိုင်ခိုင်မော်**

## မိဘအမည်မှန်

ရွှေဘိုမြို့၊ အထက(၄) Grade-10 မှ မောင်ရှင်းသန့်ကို ၏ မိဘအမည်မှန်မှာ ဦးထွန်းဆောင် ၅/ရဘန(နိုင်) ၀၃၀၂၉၅ နှင့် ဒေါ်ဝင်းသန့် ၅/ရဘန(နိုင်) ၀၃၀၂၉၄ တို့ဖြစ်ပါကြောင်း။

**ဦးထွန်းဆောင်-ဒေါ်ဝင်းသန့်**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထက-တော်ဝိ Grade-12(A) မှ မဖူးဖူးအောင်၏ မိခင်အမည်မှန်မှာ ဒေါ်မေဆန်းငွေ ၇/ညလပ(နိုင်) ၁၄၁၀၁၃ ဖြစ်ပါကြောင်း။

**ဒေါ်မေဆန်းငွေ**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ခွဲ)ရေပူ၊ Grade-4 မှ မစန်းသီရိရတနာ၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၉/လဝန(နိုင်)၁၅၉၉၆၂ ဖြစ်ပါကြောင်း။

**ဦးဇော်လင်း**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထက-တော်ဝိ Grade-12(A) မှ မသီရိနှင်း၏ မိခင်အမည်မှန်မှာ ဒေါ်နှင်း ၇/ညလပ(နိုင်) ၀၄၀၃၇၀ ဖြစ်ပါကြောင်း။

**ဒေါ်နှင်း**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 65W/88387 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် သ/၅၇၄၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၁/၇၊ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ် (ချမ်းမြသော်တာလမ်း ၈၀)၊ ဧရိယာ(၀.၁၁၀)ဧကရှိ မြေနေရာ သည် မြို့မြေအမှုတွဲအမှတ်၊ ၁၅၆၈/၁၉၉၂-၁၉၉၃ အရ ဒေါ်အေးရွှေအမည်ဖြင့် (၁၉-၂-၁၉၉၂ ရက်မှ ၁၈-၂-၂၀၂၂ ရက်အထိ) နှစ်(၃၀)ချထားပေးသောမြေဖြစ်ပြီး အဆိုပါမြေငှားစာချုပ်အား ဦးကျော်သူရလှိုင် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၃၀-၈-၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၃/၅၉ နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ် စွယ်တော်လမ်း(၇၀၊ ၇၂)၊ လမ်း ၄၀ (၉၇၊၉၉) ဧရိယာ(၀.၄၄၀)ဧကရှိ မြေနေရာသည် မြို့မြေအမှုတွဲအမှတ်၊ 202 VRP 2020–2021 အရ (၁၅-၁၁-၂၀၂၁)ရက်မှစ၍ ဦးပြည့်ဖြိုးလှိုင်အမည်ဖြင့် မူလသက်တမ်းဖြစ်သည့် (၃၀-၁-၁၉၉၅ မှ ၂၉-၁-၂၀၂၅ ထိ) မြေငှားစာချုပ်အမည်ပြောင်းချထားပေးသောမြေဖြစ်ပြီး အဆိုပါ မြေငှားစာချုပ်မှာ (၂၉-၁-၂၀၂၅)ရက်တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်၍ ဦးပြည့်ဖြိုးလှိုင်အမည်ဖြင့် မြေငှားစာချုပ်စက်မှုစီးပွား(သက်တမ်းတိုး) လျှောက်ထားရာကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆိုယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၃၀-၈-၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဂင်ဂင်စိုး (၆/မမန(နိုင်)၁၁၆၃၃၁)က ဦးမျိုးမြင့်အောင် (၇/အဖန(နိုင်)၀၅၈၄၅၈)၊ ဒေါ်နန်းလှဲ့လှဲ့ခိုင် (၁၄/ပတန(နိုင်)၁၅၆၆၅၅) တို့ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ်(၂၁၈)၊ စင်ကျူရီ(ဒီဘလောက်)ကွန်ဒို(၆-လွှာ)၊ အခန်းအမှတ် ၆၀၂၊ ဧရိယာ အကျယ်အဝန်း(၁၃၃၄) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းကို အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါ ကွန်ဒိုတိုက်ခန်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်မျိုး တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၇၉၃/၂၀၁၇)**
**အမှတ် ၁၀၃၊ နွယ်သာကီလမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ဖုန်း-၀၉- ၂၆၂၂၆၃၀၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ကွင်းအမှတ်/အမည်(၆၆၉/သဲဖြူကွင်း)၊ ဦးပိုင်အမှတ်(၇၈)၊ သက်ဆိုင်ရာဌာနတွင် ဒေါ်လှလှငွေးအမည်ပေါက်သည့် ဧရိယာ(၀ဒသမ၅၈)ဧကရှိသည့်အနက်မှ ပေ(၂၀'x၄၀') အကျယ်ရှိသည့် မြေကွက်၊ မြေကွက်အမှတ်(၁၃)နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလာသူ ဒေါ်ဖြူဖြူဖွေး (၁၄/အမန(နိုင်)၁၆၉၈၃၃) ထံမှ ဒေါ်မေသက်နှင်း(၆/မမန(နိုင်)၁၃၇၁၈၅)က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းဝေ(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၈၄)**
**အမှတ်(I-၃၇)၊ တော်ဝင်(၁၂)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့နယ်၊**
**ဖုန်း-၀၉-၇၉၉၄၂၂၈၆၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၉/လှေကူးကွေ့ကြီး)၊ ဦးပိုင်အမှတ် (၁(ဎ)၊ ၁ (ဍ)၊ ဧရိယာ(၀.၆၅)ဧကရှိမြေနေရာသည် မြို့မြေအမှုတွဲအမှတ်၊ ၂၅၅/၁၉၉၄ အရ ဒေါ်ခင်ရီ အမည်ဖြင့် (၂၂ - ၉-၁၉၉၄ မှ ၂၁-၉-၂၀၂၄ ထိ) နှစ်(၃၀) ရရှိထားသောမြေကို ဒေါ်ခင်ရီ အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၃၀-၈-၂၀၂၆)ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၉/လှေကူးကွေ့ကြီး)၊ ဦးပိုင်အမှတ် (၁(ဏ၊ ၁(ဓ))၊ ဧရိယာ(၀.၇၇)ဧကရှိမြေနေရာသည် မြို့မြေအမှုတွဲအမှတ်၊ ၂၅၆/၁၉၉၄ အရ ဒေါ်ခင်ရီ အမည်ဖြင့် (၂၂ - ၉-၁၉၉၄ မှ ၂၁-၉-၂၀၂၄အထိ) နှစ်(၃၀)ရရှိထားသောမြေကို ဒေါ်ခင်ရီ အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၃၀-၈-၂၀၂၆)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ အထက (မြို့ချောင်း)ကျောင်း၊ Grade-8 (B)မှ မောင်မင်းအုပ်စိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင်ဝင်း ၇/ကတခ(နိုင်)၁၈၀၉၀၃ ဖြစ်ပါကြောင်း။

**ဦးထွန်းနိုင်ဝင်း**

## အမည်ပြောင်း

